ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ တနင်္ဂနွေနေ့၊(6-11-2011)(၆၉၃၅)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။

☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။

☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# အခြေခံမူလတန်းပညာရေးကို အခမဲ့မသင်မနေရစနစ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်နေ

## ဆရာများအနေဖြင့် တပည့်များကို ပညာသာမက လိမ္မာရေးခြားရှိအောင်၊ ဗဟုသုတကြွယ်ဝအောင် သွန်သင်ပေး

## မိဘများအနေဖြင့် အမျိုးသားပညာရည်မြင့်မားရေး၊ အနာဂတ်လူငယ်တိုင်း ဘဝဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်

**နေပြည်တော်　　နိုဝင်ဘာ　　၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မီးသွေးတိုက်ကျေးရွာအုပ်စု အပြင်စံရာအခြေခံပညာမူလတန်းကျောင်း ပညာ့ဂုဏ်ရည်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် အဆိုပါကျောင်းဝင်းအတွင်း ကျင်းပရာ ကျောင်းဆောင်သစ်ကို မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်၊ အမှတ်(၂) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲလွင်အောင်နှင့် အလှူရှင် Moon Ray ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသက်တင်ဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်က ပညာ့ဂုဏ်ရည် ကျောင်းဆောင်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်

**စာမျက်နှာ ၈ ကော်လံ ၁သို့ ❍**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ထူးချွန်ကျောင်းများအား ဆုချီးမြှင့်ခြင်း၊ ပညာ့ဂုဏ်ရည်ကျောင်းဆောင်သစ်လွှဲ ပြောင်းပေးအပ်ခြင်း၊ လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ခြင်းနှင့် တံတားဦးမြို့နယ် ပညာရေးဖောင်ဒေးရှင်း ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အခမ်းအနားများတွင် အမှာစကားပြောကြားစဉ်။　(သတင်းစဉ်)

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးကျော်ဆန်း (၇)ကြိမ်မြောက် အာဆီယံ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု လျှော့ချရေး ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်စဉ်။**　(သတင်းစဉ်)

# ကန့်သတ်ချက်များ၊ အတားအဆီးများရှိနေသော်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထား



**နေပြည်တော်　　နိုဝင်ဘာ　　၅**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် နိုဝင်ဘာ ၂ ရက်မှ ၃ ရက်အထိ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂဝမ်မြို့၌ ကျင်းပသော (၇)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ထိုသို့ ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ၂၀၀၁ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ကာလအတွင်းတွင် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (MDG)များ အကောင်အထည်ဖော်နိုင်ရန်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်နှင့်

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

ကြေးမုံ စာတည်းရှုထောင့်　　　၆-၁၁-၂၀၁၁[တနင်္ဂနွေနေ့]။

# မြန်မာ့ဆန် ဈေးကွက်ဝင် ဈေးကောင်းရအောင်

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် နယ်မြေဧရိယာ ဒုတိယအကျယ်ဝန်းဆုံးနိုင်ငံ။ မြေဧရိယာ ၇၅ ရာခိုင်နှုန်းခန့်က မြေဆီမြေသြဇာကောင်းသည်။ အောင်အောင်မြင်မြင် စိုက်ပျိုးနိုင်သည့် စိုက်ပျိုးသီးနှံ ၆၀ ကျော်အနက် ဆန်စပါးသည် မြန်မာပြည်သူပြည်သားတို့ နေ့စဉ်စားသုံးနေသော သီးနှံဖြစ်၏။ မဟာဗျူဟာသီးနှံအဖြစ် သတ်မှတ်ခံထားရသည်က ဆန်စပါးပင်။

လွန်ခဲ့သော နှစ်ပေါင်း ၇၀ ကျော်က ကမ္ဘာမှာ မြန်မာသည် ဆန်စပါးအများဆုံး တင်ပို့ခဲ့သည်။ အချို့နှစ်များတွင် ဆန်တန်ချိန် သုံးသန်းကျော်ပင် စံချိန်တင် ပို့နိုင်ခဲ့သည်။ မျက်မှောက်ကာလ၌ မိုးစပါးစိုက်ဧက ၁၇ သန်းကျော်နွေစပါးလည်း ဧကသုံးသန်းခန့် စိုက်ပျိုးကြရာ စပါးအထွက် တင်းသန်းပေါင်း ၁၅၀၀ ကျော်ခဲ့ပြီ။ ပြည်တွင်းဆန်ပိုဒေသက ဆန်လိုဒေသများသို့ တင်ပို့ရောင်းချကြသည်။ ပြည်တွင်းဆန်စီးဆင်းမှုမှာ မျှတပိုလျှံနေသည်။

စိုက်နိုင်ပျိုးနိုင်သည့် မြေလွတ်မြေရိုင်း ဧကများစွာရှိ၏။ တစ်ပြည်လုံးမှာ စိုက်ပျိုးရေအတွက် တည်ဆောက်ထားသည့် ဆည်တမံပေါင်းက နှစ်ရာကျော်။ ဆည်ရေသောက်လယ်ယာမြေများ တစ်နှစ်ထက်တစ်နှစ် ဧကများစွာကျော်လာပြီး စိုက်ပျိုးစွမ်းအား များပြားလာ၏။ သို့သော် ပိုလျှံဆန်ပြည်ပသို့ တင်ပို့မှုက တန်ချိန် တစ်သန်းမျှပင် မပြည့်သေး။ ကြိုးစားရပေဦးမည်။

မြန်မာ့ဆန်ဈေးကွက်သို့ တင်ပို့နေသည်က အများအားဖြင့် ဆန်ကြမ်းကများသည်။ အရည်အသွေးအရ အခြားနိုင်ငံများမှ ဆန်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းအရ ကွာခြားနေသည်ကလည်း ပြုပြင်စရာ။ ယခင်က ဆန်ကြမ်းစားသုံးသောနိုင်ငံများ နိုင်ငံဖွံ့ဖြိုးလာသည့်အခါ ဆန်ကြမ်းအစား ဆန်ကောင်းဘက်ပြောင်းလဲစားသုံးလာနေသည်ကို သတိပြုရမည်။ ဆန်ဈေးကွက်တွင် အရည်အသွေး စကားပြောရာ အရည်အသွေးမီ တန်းမြင့်ဆန်များ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေးသည်သာ အဓိကဖြစ်လာသည်။

ထို့ကြောင့် တစ်ဧကအထွက်နှုန်းတိုး၊ အမျိုးအစားကောင်းသည့် ဆန်စပါးထွက်ရှိရေးကို ဦးစားပေးလုပ်ကိုင်ကြသည်။ မျိုးကောင်းမျိုးသန့်မျိုးစေ့ရွေးချယ်၊ ခေတ်မီစိုက်နည်းစနစ်ကျင့်သုံး၊ စိုက်ပျိုးစရိတ်၊ ဓာတ်မြေသြဇာ၊ ပိုးသတ်ဆေး စသည့်သွင်းအားစုများ ဈေးသက်သက်သာသာဖြင့် ပံ့ပိုး စသည် စသည်တို့ကိုလည်း အချိန်မီ ရာသီကိုက်ရရှိရန်လည်း လိုအပ်သည်။

တောင်သူလယ်သမားများနှင့် အထူးပြုကုမ္ပဏီများ ယုံကြည်မှုတည်ဆောက်ရမည်၊ စိုက်ပျိုးရေးလိုအပ်ချက်များ ပံ့ပိုးရမည်၊ အရည်အသွေးမီ တန်းမြင့်ဆန်များ စိုက်ပျိုးကြမည်၊ ဈေးကွက်သို့ တိုက်ရိုက်ချိတ်ဆက် တင်ပို့ကြမည် စသည့်လုပ်ငန်းအဆင့်ဆင့် အရှိန်အဟုန်မြှင့်ရန် လိုအပ်နေပြီ။ ယခုနှစ် ရာသီဥတုဖောက်ပြန်မှုကြောင့် ဆန်တင်ပို့သောနိုင်ငံအချို့ပင် ဆန်တင်သွင်းရန် စီစဉ်နေကြပြီ။ မြန်မာ့တန်းမြင့်ဆန်များ ဈေးကောင်းရရှိရေး၊ ဈေးကွက်ချဲ့ထွင်တင်ပို့နိုင်ရေးတို့သည် အခြေအနေအချိန်အခါကိုက် ဦးစားပေးလုပ်ဆောင်ကြရမည့် လုပ်ငန်းများဖြစ်သည်ဟု ကြေးမုံက ရှုမြင်ပါသည်။ ။

# ဒုတိယဝန်ကြီး ဦးဝင်းသန်း ပဲခူးနှင့်တောင်ငူမြို့တို့၌ ဝန်ကြီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော်　　နိုဝင်ဘာ　　၅

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနတာဝန်ခံ၊ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံပွဲ အခမ်းအနားကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ရှိ သီရိဟံသာခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း တက်ရောက်သည်။**

အခမ်းအနားတွင် ဒုတိယဝန်ကြီးက လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ အလေးအနက်ထားဆောင်ရွက်ကြရန်၊ လုပ်ငန်းတာဝန်များကို စေတနာအရင်းခံပြီး ချိုသာပြေပြစ်စွာ ဆောင်ရွက်ခြင်း၊ ရိုးဖြောင့်မှန်ကန် တာဝန်သိစွာ ဆောင်ရွက်ခြင်းဖြင့် လုပ်ငန်းတိုးတက်အောင်မြင်မှုများ ရရှိမည်ဖြစ်ရာ ပြောင်းလဲတိုးတက်လျက်ရှိသည့်သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာများကို အကျိုးရှိစွာ အသုံးပြုကြရန် အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မြန်မာ့စီးပွားရေးဘဏ်နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အခွန်ဦးစီးဌာနမှူးရုံးတို့ကို ရောက်ရှိစစ်ဆေးပြီး ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ ပြည်တွင်းအခွန်များဦးစီးဌာန ခရိုင်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့အာမခံရုံးတို့သို့ ရောက်ရှိစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဦးစီးဌာန၊ လုပ်ငန်းများမှ ဌာနတာဝန်ခံ၊ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံမှာကြားစဉ်။**

(သတင်းစဉ်)

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၆-၁၁-၂၀၁၁ (တနင်္ဂနွေနေ့)

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၄ | ၁။ | နိုင်ငံတော်သီချင်း |
| ၇း၀၅ | ၂။ | တရားတော် |
| ၇း၁၅ | ၃။ | ဓမ္မပူဇာတေး |
| ၇း၂၀ | ၄။ | မျိုးချစ်တပ်မတော် |
| ၇း၂၅ | ၅။ | မြန်မာ့ရှုခင်း |
| ၇း၃၀ | ၆။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၄၅ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇း၅၅ | ၈။ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၁၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၅ | ၁၀။ | ဇာတ်လမ်းတို |
| ၈း၂၅ | ၁၁။ | အမျိုးသားရေးတေးကဗျာ |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၁း၀၄ | ၁။ | နိုင်ငံတော်သီချင်း |
| ၁၁း၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၁း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၁း၁၅ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၁း၂၅ | ၅။ | **ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရှုပ်ကလေးများ (အပိုင်း-၂)** |
| ၁၁း၅၅ | ၆။ | **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -ယုံကြည်မှုရဲ့တစ်ဖက်မှာ** |
| ၁၂း၄၅ | ၇။ | ကျန်းမာသုတ |
| ၁း၀၀ | ၈။ | မြန်မာသံစဉ်ချိုနားဝင် |
| ၁း၁၀ | ၉။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၃၁)** |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၂ | ၁။ | နိုင်ငံတော်သီချင်း |
| ၄း၀၃ | ၂။ | အဖွင့်သီချင်း |
| ၄း၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄း၁၅ | ၄။ | မြန်မာသံစဉ်ချိုနားဝင် |
| ၄း၂၀ | ၅။ | လျှပ်တစ်ပြက် |
| ၄း၃၀ | ၆။ | သီဆိုဖြေဖျော်တစ်ကိုယ်တော် |
| ၄း၅၀ | ၇။ | မြဝတီရုပ်မြင်သံကြား မင်္ဂလာဇင်းကဏ္ဍ |
| ၅း၀၀ | ၈။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅း၃၀ | ၉။ | ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း |
| ၆း၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၂၀ | ၁၁။ | အမျိုးသားရေးတေးကဗျာ |
| ၆း၃၀ | ၁၂။ | ဘဝကြေးမုံ **-မုသား၏အလျားအနံ (အကယ်ဒမီအောင်ခိုင်၊ ဦးဝင်းမြိုင်၊ ဒေါ်သန်းသန်းဌေးနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]** |
| ၆း၅၀ | ၁၃။ | ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ |
| ၇း၀၀ | ၁၄။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ငှက်ကလေးရဲ့ကောင်းကင် (အပိုင်း-၂၃)** |
| ၈း၀၀ | ၁၅။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၆။ | အမျိုးသားရေးတေးကဗျာ |
| | ၁၇။ | နိုင်ငံတကာသတင်း |
| | ၁၈။ | မိုးလေဝသသတင်း |
| | ၁၉။ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| | ၂၀။ | ပဟေဠိနန်းတော် |
| | ၂၁။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၂။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လေဆန်ကိုနှင်၍ (အပိုင်း-၇)** |
| | ၂၃။ | **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၉၃)** |

# မိုးစပါးစံကွက် ရိတ်သိမ်း

**လက်ပံတန်း　နိုဝင်ဘာ　၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် လက်ပံတန်းမြို့နယ် ဂွေးတောက်ကွင်း ကျေးရွာအုပ်စု ကွင်းအမှတ် (၁၀၅၈) ဦးပိုင်အမှတ်(၆၈/၁) တောင်သူ ဦးတင်ဝင်း၏ ဆင်းသွယ်လတ်စပါးမျိုးကောင်းကိုယ်စားပြုအလွှာ မိုးစပါးစိုက်ခင်းအတွင်း ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်) ညွှန်ကြားရေးမှူး(စာရင်းအင်း) ဦးကျော်ငြိမ်းအောင် ဦးဆောင်၍ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် တာဝန်ရှိသူများ စံကွက်ရိတ်သိမ်းစစ်ဆေးရာ **(အောက်ပုံ)** တစ်ဧက အထွက်နှုန်း ၈၃ ဒသမ ၇၀ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

(ကြေးမုံ)



# အထက(၁) ပြည် အာစရိယပူဇော်မည်

**ပြည်　နိုဝင်ဘာ　၅**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၃၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၀ ရက် (တန်ဆောင်မုန်းလပြည့်နေ့) နံနက် ၇ နာရီတွင် အဆိုပါကျောင်း အောင်သော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဦးစောမြင့် ဖုန်း-၀၉-၅၃၆၈၃၅၆၊ ဦးခင်တူး ဖုန်း-၀၅၃-၂၇၅၂၇၊ ဦးအောင်လင်းစိုး ဖုန်း-၀၅၃-၂၉၄၄၃၊ ဦးကျော်စိုးဦး ဖုန်း-၀၉-၄၃၀၀၆၄၁၊ ဦးမြတ်သူ ဖုန်း-၀၉-၅၃၁၀၁၁၇၊ ဦးကြည်စိုးဦး ဖုန်း-၀၉-၅၃၁၃၁၀၄၊ ဦးကြည်စိုး ဖုန်း-၀၉-၅၃၆၃၇၀၁၊ ကျောင်းအုပ်ကြီး ဖုန်း-၀၅၃-၂၄၁၁၈၊ ဦးမြတ်သူဝင်း ဖုန်း-၀၉-၅၁၀၃၇၂၅၊ ဦးရန်နောင်ဝင်း ဖုန်း-၀၉-၅၁၃၁၉၈၅၊ ဦးမျိုးနိုင် ဖုန်း-၀၉-၅၁၂၀၇၉၂၊ ဦးမောင်မောင်ကြည် ဖုန်း-၀၁-၂၅၄၇၈၂ နှင့် ဒေါက်တာထိန်ဝင်း ဖုန်း-၀၉-၅၁၁၆၀၄၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။(ကြေးမုံ)



**ပဲခူးမြို့နယ်အသင်း (ရန်ကုန်)၏ ပညာရည်ချွန်ဆုပေးပွဲတွင် ၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးနှင့် ပထမဆုရရှိသော မအေးမို့မို့ဦး (ဆေးတက္ကသိုလ်-၁)အား အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ညွှန့်ဇော်(ငြိမ်း) ဆုပေးအပ်ချီးမြှင့်စဉ်။**

(ကြေးမုံ)



**ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်နေ ဦးသန်းမောင်(တွင်/ပင်နယံစက်မှုလုပ်ငန်း)-(ဒေါ်ကျင်စိန်) သားသမီးမြေးမြစ်သားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးအတွက် အလှူငွေကျပ် ၉၆ သိန်းပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင်လက်ခံစဉ်။**

(သတင်းစဉ်)

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၅ - ၁၁ - ၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၆၁၀၀ | ၀. ၀၃၂၆၇ |
| တရုတ် (ယွမ်) | ၆. ၃၄၁၀၀ | ၀. ၁၅၇၇၀ |
| အိန္ဒိယ (ရူပီး) | ၄၈. ၉၉၀၀ | ၀. ၀၂၀၄၁ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၁၁၅၀ | ၀. ၃၂၁၃၉ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၆၅၄၀ | ၀. ၇၉၀၂၆ |
| ဂျပန် (ယန်း) | ၇၈. ၂၀၀၀ | ၀. ၀၁၂၇၉ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၁၀. ၆၉ | ၀. ၀၀၀၉၀ |
| ယူရို | ၀. ၇၂၅၁၄ | ၁. ၃၇၉၀၅ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၄၃၂ | ၁. ၆၀၁၇၅ |

*အင်တာနက်။*

# အရင်းမပျောက် မတည်ငွေပေးအပ်ပွဲ ခရမ်း၌ ကျင်းပ

**ရန်ကုန်　နိုဝင်ဘာ　၅**

ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အရင်းမပျောက်မတည်ငွေပေးအပ်ပွဲကို အောက်တိုဘာ ၂၈ ရက်က ခရမ်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဥမ္မာနေထွန်းက ပေးအပ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရမ်းမြို့နယ် မိခင်နှင့်ကလေးအသင်းဝင်များသို့ အရင်းမပျောက် မတည်ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။　(ကြေးမုံ)

☆ ရှေ့ဖုံးမှ

ဆက်စပ်လုပ်ငန်းစဉ်နှစ်ရပ်ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံအတွင်း ဒေသတစ်ခုနှင့်တစ်ခု ဖွံ့ဖြိုးတိုးတက်မှု ကွာခြားမှု နည်းပါးစေရန်အတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံချက်နှင့် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း၊ ထိုကဲ့သို့ ဆောင်ရွက်ခဲ့သည့်အတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (UNDP)နှင့် ပူးတွဲဆောင်ရွက်ခဲ့သည့် ဘက်စုံ အိမ်ထောင်စု အခြေအနေ နေထိုင်မှု အခြေအနေအကဲဖြတ်မှု (Integrated Household Living Condition Assessment, IHLCA) လေ့လာမှု စစ်တမ်းများအရ မြန်မာနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု အခြေအနေသည် ၂၀၀၅ ခုနှစ်မှာ ၃၂ ရာခိုင်နှုန်းရှိရာမှ ၂၀၁၀ ပြည့်နှစ်မှာ ၂၆ ရာခိုင်နှုန်းသို့ လျော့နည်း ကျဆင်းလာခဲ့ကြောင်း၊ သို့သော် မြန်မာနိုင်ငံအနေဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံကြီးအချို့၏ ပိတ်ဆို့တားဆီးမှုများကြောင့် အခြားအာဆီယံနိုင်ငံများကဲ့သို့ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်နှင့်အလားတူ နိုင်ငံတကာ ငွေကြေးအဖွဲ့အစည်းများထံမှ နည်းပညာ၊ အတတ်ပညာနှင့် ငွေကြေးအကူအညီများမရရှိဘဲ မိမိနိုင်ငံနှင့် ပြည်သူများ၏ စွမ်းအားဖြင့်သာ ဆောင်ရွက်ခဲ့ရကြောင်း၊ ထိုကဲ့သို့ ကန့်သတ်ချက်များ၊ အတားအဆီးများရှိနေသော်လည်း မြန်မာပြည်သူများနှင့် အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန် ချမှတ်ထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရသစ်လက်ထက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများကို ဖွဲ့စည်းပြီး ထိုကော်မတီများ၏အောက်တွင် ပြည်ထောင်စုအဆင့် အထောက်အကူပြု ကော်မတီများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဆပ်ကော်မတီများကို ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းနယ်ပယ်ရှစ်ခု ခွဲခြားကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများမှာ ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်လာနိုင်တော့မည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါအစည်းအဝေးတွင် အာဆီယံဝန်ကြီးများက အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းမူဘောင် (၂၀၀၅-၂၀၁၀) အကောင်အထည်ဖော်မှုအခြေအနေများကို ပြန်လည်သုံးသပ်ခဲ့ပြီးနောက် ဆက်လက်ဆောင်ရွက်မည့် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း မူဘောင် (၂၀၁၁-၂၀၁၅)ကို အတည်ပြုခဲ့ကြသည်။ ၎င်း အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းမူဘောင် (၂၀၁၁-၂၀၁၅)တွင်-

(က) ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်နိုင်မည့် ကျေးလက်ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ရေး၊

(ခ) ရာသီဥတုပြောင်းလဲမှု အခြေအနေအောက်တွင် စားနပ်ရိက္ခာ ဖူလုံအောင် ထုတ်လုပ်ရေး၊

(ဂ) လူမှုဖူလုံရေးနှင့် အကာအကွယ်ပေးရေး၊

(ဃ) ကျေးလက်ဒေသတွင် လူ့စွမ်းအား အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေး၊

(င) ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် လိုအပ်ခိုင်မာသော ယန္တရားများ တည်ဆောက်ရေးဟူသည့် အဓိကမဏ္ဍိုင် ငါးခု ပါရှိသည်။

၎င်းအောက်တွင် လုပ်ငန်းစဉ် (၁၂)ရပ် ပါဝင်သည်။ မြန်မာနိုင်ငံအနေဖြင့် အဆိုပါ လုပ်ငန်းစဉ် (၁၂)ရပ်အနက် လုပ်ငန်းစဉ် (၄)၏ ဒုတိယလုပ်ငန်းဖြစ်သော အာဆီယံနိုင်ငံများတွင် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ရင်ဆိုင်ကျော်လွှားနိုင်မည့် လယ်ယာစိုက်ပျိုးထုတ်လုပ်ရေးဆိုင်ရာ အတတ်ပညာ၊ နည်းပညာများဖွံ့ဖြိုးရေးနှင့် ကျေးလက်ပြည်သူများကို ဖြန့်ဝေပေးနိုင်ရေးလုပ်ငန်းစဉ်တွင် တာဝန်ခံနိုင်ငံအဖြစ် ဆောင်ရွက်ရမည်ဖြစ်သည်။

ပြည်ထောင်စုဝန်ကြီးသည် အခြားအာဆီယံဝန်ကြီးများနှင့်အတူ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် စူလတန် ဟာဂျီဟာဆာနာလ် ဘိုလ်ကီးယား မူအစ်ဇာဒင်ဝါဒိုလာအား ဂါရဝပြုတွေ့ဆုံသည့် အခမ်းအနားသို့လည်း တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၃ ရက်တွင်လည်း သံအမတ်ကြီး သူရဦးသက်ဦးမောင်နှင့် မြန်မာသံရုံးအဖွဲ့ဝင်များထံ သွားရောက်လည်ပတ်ပြီး နိုင်ငံတော်တွင် ပြုပြင်ပြောင်းလဲဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ နိုင်ငံတကာဆက်ဆံရေး၊ ငြိမ်းချမ်းရေးနှင့် ပြန်ကြားရေးကဏ္ဍများနှင့် ပတ်သက်ပြီး ရင်းနှီးစွာ ရှင်းလင်းပြောကြားခဲ့သည်။

(သတင်းစဉ်)



## ကြိုဆို နှုတ်ဆက်

ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ ဘုရင် စူလတန် ဟာဂျီ ဟာ ဆာ နာလ် ဘိုလ် ကီး ယား မူအစ်ဇာဒင်ဝါဒိုလာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန် ကြီး ဌာ န ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းအား ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

## ပခုက္ကူခရိုင် ရေဘေးသင့်အိမ်ထောင်စုများအတွက် တပ်မတော်မှ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်းခြင်းနှင့် တပ်မတော်သားများ၏ စုပေါင်းအင်အားဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၅**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ရေဘေးသင့်အိမ်ထောင်စုများအတွက် တပ်မတော်မှ အလှူငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့ ကျွဲတဲကျေးရွာအုပ်စု စွန်သိုက်ရွာသစ်ကွင်းရှိ ရေဘေးသင့်အိမ်ထောင်စုများ ယာယီနေရာချထားရေးကွပ်ကဲမှုရုံး ရှင်းလင်းဆောင်၌ ကျင်းပရာ နယ်မြေခံ တပ်နယ်မှ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမျိုးလှက တပ်မတော်မှ ပေးပို့လှူဒါန်းထားသော အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ မကွေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအန့်ဇော်က လက်ခံသည်။

ပခုက္ကူခရိုင် ရေဘေးသင့်ဒေသများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ကျွဲတဲကျေးရွာအုပ်စု စွန်သိုက်ရွာသစ်ကွင်းတွင် ယာယီရွက်ဖျင်တဲ ဆောက်လုပ်ခြင်း၊ လူနေအိမ်များ ပြန်လည်ပြုပြင်ခြင်း၊ ဓာတ်မီးတိုင်များ စိုက်ထူ၍ မီးကြိုးများ သွယ်တန်းခြင်း၊ ခြံစည်းရိုးတိုင်များ စိုက်ထူခြင်း၊ လူနေအိမ်များ အတွင်းအပြင် သန့်ရှင်းရေး ဆောင်ရွက်ခြင်းတို့ကို တပ်မတော်သားများက တည်ဆောက်ရေးလုပ်ငန်းတာဝန်ခံများနှင့် ပူးပေါင်းဆောင်ရွက်ကြသည်။

ပခုက္ကူခရိုင် ရေဘေးသင့်ကျေးရွာများတွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ကျောက်ပန်းတောင်း၊ မိတ္ထီလာ၊ မကွေး၊ မုံရွာ၊ ပခုက္ကူ ရေစကြို၊ ရွှေဘိုနှင့် အရာတော်တပ်နယ်တို့မှ အရာရှိ/စစ်သည်များသည် ဒေသခံပြည်သူလူထုနှင့်အတူ ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၆-၁၁-၂၀၁၁ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ သတ္တဌာန (ရတနာဦး၊တေးရေး- ဒဂုန်ဆရာတင်)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈း၁၅ ၈။ တေးဂီတအစီအစဉ်
- ၈း၂၅ ၉။ တေးသရုပ်ဖော်အစီအစဉ်
- ၈း၃၀ ၁၀။ International News
- ၈း၃၅ ၁၁။ "ထပ်မံဖူးမြော်ဗုဒ္ဓမြတ်စွယ်တော်"
- ၈း၄၅ ၁၂။ အတီးပြိုင်ပွဲ
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲစုံထောက်ဘတ်ဂျောင်ဂွန်း" (အပိုင်း-၂၁)**
- ၁၂း၃၀ ၅။ "သန့်စွာကိုင်လေစက္ကူငွေ"
- ၁၂း၄၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "နေကြတ်ချိန်" (နေတိုး၊ စိုးမြတ်နန္ဒာ၊ စိုးပြည့်သဇင်) (ဒါရိုက်တာ-ဝိုင်း)**
- ၂း၄၀ ၇။ အဆိုပြိုင်ပွဲ
- ၂း၅၀ ၈။ International News
- ၃း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အကပြိုင်ပွဲ
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၅ ၄။ "အိုးပိုင်အိမ်ပိုင်"
- ၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (မြန်မာစာ၊ မြန်မာ့ပညာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ ပထဝီဝင်၊ သမိုင်းအထူးပြုများ) (သမိုင်းပညာ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၀၅ ၇။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၈။ ညနေခင်းသတင်း
- ၆း၁၅ ၉။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၀။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၁၇)**
- ၆း၄၀ ၁၁။ တစ်မျက်နှာ တစ်ကွက်စာ "ချစ်၍စွန့်သွားမယ်လေ" (ကောင်းထက်သူ၊ ဝါဆိုမိုးဦး) [ဒါရိုက်တာ-မေတင်(MMG)]
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ ရွှေဖူးစာ" (အပိုင်း-၃၀)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၆၃)**
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်မိလေသော ရုပ်သံလွှင့်မှူး" (အပိုင်း-၂၃)**
- ၁၈။ အစီအစဉ်ပြီး၏။

## ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားရေး မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ စာအုပ်စာစောင်များ လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၅**

ကျေးလက်နေပြည်သူများ အသိပညာဗဟုသုတတိုးပွားများပြားလာခြင်းဖြင့် ကျေးလက်လူနေမှုဘဝမြင့်မားတိုးတက်လာကာ ဆင်းရဲမှုလျော့နည်းပပျောက်ရေး အထောက်အကူပြုသည့်စာအုပ်စာစောင်များအား မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်းမှလှူဒါန်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့ ဆည်ကြီးကုန်းကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာ ဘဝလမ်းညွှန် စာကြည့်တိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ငွေးဝင်းက မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်းမှ လှူဒါန်းသော ငွေကျပ်တစ်သိန်းတန်ဖိုးရှိ စာအုပ်စာစောင် အုပ် ၂၅၀၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမြင့်က ဂျာနယ် စောင်ရေ ၁၀၀၊ မြို့နယ်/ပြန်ဆက်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က ဂျာနယ် စောင်ရေ ၅၀၊ ဦးအေးကျော်-ဒေါ်အေးမြင့် မိသားစုက ငွေကျပ် ၁၀၀၀၀၊ ဒေါ်အေးအေးမာ မိသားစုနှင့် ဦးဝင်းနိုင် မိသားစုတို့က ငွေကျပ် ၅၀၀၀ စီတို့ကို ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(သတင်းစဉ်)





**ကွမ်းခြံကုန်းမြို့နယ် တော်ခရမ်းရွာဦး အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် အလှူငွေပေးအပ်ပွဲကို စက်တင်ဘာ ၂၉ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။**

(မြို့နယ်ပြန်/ဆက်)

## မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း သင်တန်းတက်ရောက်ရန် အိန္ဒိယသို့ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၅**

အိန္ဒိယနိုင်ငံ Ahmedabad မြို့တွင် ITEC, International Program Sponsored by Ministry of External Affairs Government of India အစီအစဉ်အရ နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၁၆ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားမည့် Entreprenecrial Management သင်တန်းသို့ တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အမှုဆောင် ဒေါ်ခိုင်သန္တာထွန်းနှင့် ဒေါ်မွန်မွန်မြင့်တို့သည် နိုဝင်ဘာ ၄ ရက် ညပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အတွင်းရေးမှူး ဒေါ်နှင်းဝေ၊ တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်လေးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

(ကြေးမုံ)

**စာအုပ်စာပေ လူ့မိတ်ဆွေ**



စစ်ရေးလေ့ကျင့်မှုပြုလုပ်ရန် ပြင်ဆင်နေသော အစ္စရေးလေတပ် တိုက်လေယာဉ်တစ်စင်းအား တွေ့ရစဉ်။

## အီရန်ကို စစ်ရေးနည်းလမ်းဖြင့် အရေးယူရမည့်အချိန် နီးလာကြောင်း အစ္စရေးသမ္မတ ရှီမွန်ပီရက်စ် ပြောကြား

တဲလ်အဗစ် နိုဝင်ဘာ ၅

**အီရန်နျူကလီးယားပြဿနာကို ဖြေရှင်းနိုင်ရန် အလှမ်းဝေးနေဆဲဖြစ်ရာ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် သံတမန်နည်းလမ်းထက် စစ်ရေးနည်းလမ်းသုံး၍ ဖြေရှင်းရတော့မည့်အခြေအနေသို့ ရောက်လုနီးပြီဖြစ်ကြောင်း အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်က နိုဝင်ဘာ ၄ ရက်တွင် ပြောကြားသည်။**

အစ္စရေးသမ္မတ ရှီမွန်ပီရက်စ်သည် ငြိမ်းချမ်းရေးသမား အကောင်းမြင်ဝါဒီတစ်ဦးအဖြစ် ထင်ရှားကျော်ကြားသူဖြစ်ရာ စစ်ရိပ်စစ်ငယောင်လွှမ်းနေသော ၎င်း၏ မှတ်ချက်မှာ ပုံမှန်မဟုတ်ဘဲ ထူးခြားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။

မည်သို့သော အခြေအနေမျိုး၌မဆို အီရန်၏ နျူကလီးယားအစီအစဉ်ကို တားဆီးပေးမည်ဟူသည့် ထားရှိပြီး ကတိကဝတ်များအား နိုင်ငံတကာခေါင်းဆောင်များအနေဖြင့် ဖြည့်ဆည်းပေးရန် လိုအပ်ကြောင်း သမ္မတ ရှီမွန်ပီရက်စ်က အစ္စရေးရုပ်သံလိုင်းတစ်လိုင်းနှင့် တွေ့ဆုံရာတွင် ပြောကြားခဲ့သည်။

အစ္စရေး၊ အမေရိကန်ပြည်ထောင်စုနှင့် အနောက်အုပ်စုနိုင်ငံများက အီရန်သည် နျူကလီးယားလက်နက် တည်ဆောက်ထုတ်လုပ်ရန် ရည်ရွယ်ချက်ရှိနေကြောင်း သံသယရှိကြသည်။ သို့ရာတွင် ၎င်း၏ နျူကလီးယားအစီအစဉ်များမှာ ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက်သာဖြစ်ကြောင်း အီရန်က ဆိုသည်။

ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် သံသယဖြစ်ဖွယ် အီရန်နျူကလီးယား အစီအစဉ်များကို စစ်ရေးအရ တိုက်ခိုက်ချေမှုန်းရေးအတွက် အစ္စရေးအစိုးရအဖွဲ့ဝင်များ၏ ထောက်ခံမှုရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း သတင်းများထွက်ပေါ်ခဲ့ပြီးနောက် အစ္စရေးသမ္မတ၏ သဘောထားမှတ်ချက်အား ကြားသိရခြင်းဖြစ်သည်။

အီရန်၏ နျူကလီးယား အစီအစဉ်များကို တားဆီးရေးအတွက် စစ်ရေးနည်းလမ်းသည် လိုအပ်လျှင် ကျင့်ဆောင်ရမည့် မူဝါဒဖြစ်ကြောင်း အစ္စရေးခေါင်းဆောင်များက ပြောကြားခဲ့ပြီးဖြစ်သည်။

သို့ရာတွင် အီရန်လက်နက်ကိုင်တပ်ဖွဲ့များ၏ ပူးတွဲစစ်ဦးစီးချုပ်အဖွဲ့ဥက္ကဋ္ဌက အစ္စရေးနိုင်ငံအနေဖြင့် အီရန်ကို တိုက်ခိုက်မည်ဆိုပါက ဖြစ်ပေါ်လာမည့် အကျိုးဆက်မှာ လွန်စွာဆိုးရွားလိမ့်မည်ဖြစ်ကြောင်း နိုဝင်ဘာ ၂ ရက်က သတိပေးခဲ့သည်။

***အင်တာနက်။***

## နိုင်ဂျီးရီးယားအစိုးရ လစာစာရင်း၌ တစ်လသားအရွယ် ကလေးတစ်ဦးအား ထည့်သွင်းထားသည်ကို အံ့အားသင့်ဖွယ်တွေ့ရ

လာဂို့စ် နိုဝင်ဘာ ၅

**နိုင်ဂျီးရီးယားအစိုးရ၏ လစာစာရင်း၌ ပညာရပ်ဆိုင်ရာ ဒီပလိုမာတစ်ခုရယူထားသည်ဆိုသော တစ်လသားအရွယ် ကလေးတစ်ဦး ပါဝင်လျက်ရှိသည်ကို သက်ဆိုင်ရာတာဝန်ရှိသူများက တွေ့ရှိခဲ့ကြကြောင်း နိုဝင်ဘာ ၃ ရက် သတင်းများတွင် ဖော်ပြထားသည်။**

**ယင်းသို့ တွေ့ရှိခဲ့ရခြင်းကြောင့် အာဖရိကတိုက်၏ လူဦးရေအများဆုံးနိုင်ငံဖြစ်သော နိုင်ဂျီးရီးယားနိုင်ငံ၌ အဂတိလိုက်စားမှုများ မည်မျှပျံ့နှံ့ဖြစ်ပေါ်နေသည်ကို ကွက်ကွက်ကွင်းကွင်း တွေ့မြင်နိုင်သည်။**

**လုပ်သားအင်အားပြစာရင်းပါ အမှန်တကယ်မရှိသော အလုပ်သမားများကို ဖယ်ထုတ်ရန် စစ်ဆေးမှုများ လုပ်ဆောင်စဉ်အတွင်း နိုင်ဂျီးရီးယားမြောက်ပိုင်း ဒေသန္တရအစိုးရကောင်စီတစ်ရပ်၏ လစာငွေပေးချေမှုစာရင်း၌ တစ်လသားအရွယ် ကလေးတစ်ဦးပါဝင်နေသည်ကို တွေ့ရှိရခြင်းဖြစ်ကြောင်း ဥပဒေဝန်ထမ်းတစ်ဦးက ပြောကြားခဲ့သည်။**

**နိုင်ဂျီးရီးယားမြောက်ပိုင်းရှိ ဇမ်ဖာရာပြည်နယ် ဒေသန္တရအစိုးရတစ်ရပ်၏ လစာစာရင်း၌ ပညာရပ်ဆိုင်ရာ ဒီပလိုမာတစ်ခုရထားသည်ဆိုသော တစ်လသားအရွယ်ကလေးတစ်ဦးပါဝင်နေခြင်းမှာ အံ့အားသင့်ဖွယ်ဖြစ်ကြောင်း ပြည်နယ်ဥပဒေအရာရှိတစ်ဦးက ဆိုသည်။**

**နိုင်ဂျီးရီးယားနိုင်ငံ ဒေသန္တရ အစိုးရဌာနများ၌ အရာရှိ အရာခံများက ၎င်းတို့၏ ဇနီး၊ သား၊ သမီးများ၏ အမည်များကို လစာစာရင်းအတွင်း ထည့်သွင်းမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။**

**ယခုနှစ် ဩဂုတ်လအတွင်းကလည်း ဒေသန္တရအုပ်ချုပ်ရေးဌာနတစ်ခု၏ လစာစာရင်း၌ ငါးလသားအရွယ် ကလေးတစ်ဦး၏ အမည်အား ဖြည့်သွင်းထားရာ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခဲ့ရသည်။**

*အင်တာနက်။*



**ပါကစ္စတန်နိုင်ငံ၌ ထားရှိသော အမေရိကန်ပြည်ထောင်စု ဗဟိုထောက်လှမ်းရေး အေဂျင်စီ(စီအိုင်အေ)၏ မောင်းသူမဲ့လေယာဉ်တစ်စင်း။**

## ပါကစ္စတန်၌ လုပ်ဆောင်နေသော မောင်းသူမဲ့လေယာဉ် စစ်ဆင်ရေးဆိုင်ရာစည်းမျဉ်းများ စီအိုင်အေ တင်းကျပ်

**ဝါရှင်တန် နိုဝင်ဘာ ၅**

ပါကစ္စတန်နိုင်ငံ ပိုင်နက်အတွင်း လုပ်ဆောင်နေသော မောင်းသူမဲ့ဒရုန်းလေယာဉ်စစ်ဆင်ရေးများဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား အမေရိကန်ဗဟိုထောက်လှမ်းရေးအေဂျင်စီ(စီအိုင်အေ)က တင်းကျပ်ခဲ့ကြောင်း ဝေါလ်စထရိဂျာနယ် အမည်ရှိ အမေရိကန်သတင်းစာ တစ်စောင်က နိုဝင်ဘာ ၄ ရက်တွင် ဖော်ပြသည်။

မောင်းသူမဲ့လေယာဉ် စစ်ဆင်ရေးများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ခြင်းကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ပါကစ္စတန်အကြား နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်ရကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများနှင့် သံတမန်များက စောဒကတက်လာခဲ့ပြီးနောက် မောင်းသူမဲ့လေယာဉ် စစ်ဆင်ရေးများအား စီအိုင်အေက လျှော့ချခဲ့ခြင်းဖြစ်ကြောင်း ဝေါလ်စထရိဂျာနယ်၏ အဆိုအရ သိရသည်။

ကန့်သတ်ချက်နည်းနည်းဖြင့် စစ်သွေးကြွအဖြစ် ယူဆရသူများအား နှိမ်နင်းလိုသည့် စီအိုင်အေနှင့် ပါကစ္စတန်နှင့် အမေရိကန်အကြား ဆက်ဆံရေးအခြေအနေကို စိုးရိမ်မကင်းဖြစ်လျက်ရှိသည့် စစ်ဘက်နှင့် သံတမန်တာဝန်ရှိသူများအကြား တိုးတိုးတိတ်တိတ် ဖြစ်ပွားနေသော ပဋိပက္ခ၏ ရလဒ်အဖြစ် မောင်းသူမဲ့လေယာဉ်စစ်ဆင်ရေးဆိုင်ရာ စည်းမျဉ်းသစ်များ ထွက်ပေါ်လာခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

**- အကျုံးဝင် -**

စည်းမျဉ်းစည်းကမ်း အပြောင်းအလဲများတွင် မောင်းသူမဲ့လေယာဉ်စစ်ဆင်ရေးဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာ၌ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနအား အခွင့်အာဏာပိုပေးရေး စစ်ဆင်ရေးများနှင့်ပတ်သက်၍ ပါကစ္စတန် အာဏာပိုင်များအား ကြိုတင်အသိပေးရေးနှင့် ပါကစ္စတန်တာဝန်ရှိသူများ အမေရိကန်ပြည်ထောင်စုသို့ သွားရောက်ခိုက် စစ်ဆင်ရေးများ ရပ်နားပေးရေးတို့ အကျုံးဝင်ကြောင်း ဝေါလ်စထရိဂျာနယ်က ဖော်ပြသည်။

***အင်တာနက်***

## အာကာသယာဉ် လေ့လာစောင့်ကြည့်ရေးစခန်း ဩစတြေးလျ၌ တရုတ်နိုင်ငံ ဖွင့်လှစ်ထား



**တရုတ်နိုင်ငံရှိ စီချန်း ဂြိုဟ်တုလွှတ်တင်ရေးစခန်းကို တွေ့ရစဉ်။**

**ဟောင်ကောင် နိုဝင်ဘာ ၅**

တရုတ်နိုင်ငံသည် အာကာသယာဉ် လေ့လာစောင့်ကြည့်ရေးစခန်းတစ်ခုကို ဩစတြေးလျနိုင်ငံ၌ ဖွင့်လှစ်ခွင့်ရရှိထားပြီဖြစ်ကြောင်း ဟောင်ကောင်တွင်ထုတ်ဝေသော တရုတ်ပြည်တောင်ပိုင်း နံနက်ခင်းသတင်းစာအမည်ရှိ သတင်းစာတစ်စောင်က နိုဝင်ဘာ ၅ ရက်တွင် ရေးသားဖော်ပြသည်။

အဆိုပါစခန်းသည် ဩစတြေးလျနိုင်ငံအနောက်ပိုင်း ပါ့သ်မြို့မြောက်ဘက် ၂၁၇ မိုင်အကွာတွင် တည်ရှိသည်။

ပြီးခဲ့သည့် နိုဝင်ဘာ ၁ ရက်တွင် တရုတ်နိုင်ငံက ရှင်ကျို့-၈ အာကာသယာဉ်လွှတ်တင်စဉ်အတွင်း အဆိုပါစခန်းကို အသုံးပြုကာ အာကာသဒုံးပျံယာဉ်ပျံသန်းမှုကို လေ့လာစောင့်ကြည့်ခဲ့ကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။

အမေရိကန်နှင့် ဥရောပအာကာသ အေဂျင်စီတို့၏ အာကာသယာဉ်လေ့လာစောင့်ကြည့်ရေးစခန်းများကို ဩစတြေးလျနိုင်ငံ၌ ဖွင့်လှစ်ခဲ့ကြသည်မှာ ကာလကြာမြင့်ခဲ့ပြီဖြစ်သည်။

ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့၏ ပူးတွဲဂြိုဟ်တုစခန်းကို ဩစတြေးလျနိုင်ငံ အယ်လစ်စပရင်းမြို့အနီး၌ ဖွင့်လှစ်ခဲ့သည်မှာ ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နိုင်ငံ၏ မဟာမိတ် ဩစတြေးလျနိုင်ငံ၌ တရုတ်နိုင်ငံ၏ အာကာသယာဉ်လေ့လာစောင့်ကြည့်ရေးစခန်း ဖွင့်လှစ်ထားမှုနှင့်ပတ်သက်၍ အမေရိကန်အစိုးရက တရားဝင်ကန့်ကွက်ရန်ရှိ၊ မရှိ မသိရကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ။**

## လေယာဉ်တင်သင်္ဘောတစ်စင်းအရွယ်အစားထက် ကြီးမားသောဂြိုဟ်သိမ် လနှင့်ကမ္ဘာအကြားမှ နိုဝင်ဘာ ၈ ရက်တွင် ဖြတ်သန်းမည်

**ကိတ်ကာနေဗာရယ်လ် နိုဝင်ဘာ ၅**

လေယာဉ်တင်သင်္ဘောတစ်စင်း၏ အရွယ်အစားထက်ပိုမိုကြီးမားသော ဂြိုဟ်သိမ်တစ်စင်းသည် နိုဝင်ဘာ ၈ ရက်တွင် လနှင့်ကမ္ဘာဂြိုဟ်အကြားမှ ဖြတ်သန်းမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

**- အလားအလာမရှိ -**

၂၀၀၅ ဝိုင်ယူ ၅၅ ဟု အမည်ပေးထားသော အဆိုပါဂြိုဟ်သိမ်သည် ၃၅ နှစ်တာကာလအတွင်း ကမ္ဘာဂြိုဟ်နှင့် အနီးဆုံးနေရာမှ ဖြတ်ပျံမည့် ဂြိုဟ်သိမ်တစ်စင်းဖြစ်ကြောင်း သိရသည်။ သို့ရာတွင် ယင်းဂြိုဟ်သိမ်နှင့်ကမ္ဘာဂြိုဟ်တို့ ဝင်တိုက်မည့်အလားအလာလုံးဝမရှိကြောင်း အမေရိကန်အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာမြေနှင့်အနီးဆုံးနေရာမှ ၂၀၀၅ ဝိုင်ယူ၅၅ ဂြိုဟ်သိမ်ဖြတ်သန်းမည့်အချိန်မှာ ဥရောပစံတော်ချိန် ည ၆ နာရီ ၂၈ မိနစ်တွင်ဖြစ်ပြီး ကမ္ဘာမြေနှင့် မိုင်ပေါင်း ၂၀၂၀၀၀ အကွာမှ ဖြတ်ပျံမည်ဖြစ်ကြောင်း သိရသည်။

ယင်းကာလ၌ လကမ္ဘာနှင့် ဂြိုဟ်သိမ်အကြားအကွာအဝေးမှာ မိုင်ပေါင်း ၁၅၀၀၀၀ မျှသာရှိမည်ဖြစ်သော်လည်း လကိုဝင်တိုက်လိမ့်မည်မဟုတ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အကယ်၍ လနှင့် ၂၀၀၅ ဝိုင်ယူ ၅၅ တို့ ဝင်တိုက်ခဲ့လျှင်လည်း တိုက်သည့်အရှိန်ကြောင့် လသည် ၎င်း၏ဂြိုဟ်ပတ်လမ်းကြောင်းမှ ရွေ့လျားသွားလိမ့်မည်မဟုတ်ဘဲ အနည်းဆုံးလေးကီလိုမီတာမျှကျယ်သော တွင်းချိုင့်တစ်ခုသာ လမျက်နှာပြင်ပေါ်၌ ပေါ်ထွက်လာနိုင်ကြောင်း နာဆာသိပ္ပံပညာရှင်များက မှန်းဆတွက်ချက်ခဲ့ကြသည်။

၂၀၀၅ ဝိုင်ယူ ၅၅ ဂြိုဟ်သိမ်သည် ကာဗွန်အခြေခံ ဒြပ်စင်များဖြင့်ဖွဲ့စည်းထားသော ဂြိုဟ်သိမ်အမျိုးအစားဖြစ်ကြောင်း နက္ခတ္တဗေဒ သိပ္ပံပညာရှင်များက သုံးသပ်သည်။ ယင်းကဲ့သို့သော ဂြိုဟ်သိမ်များမှတစ်ဆင့် ရရှိခဲ့သော ကာဗွန်အခြေခံဒြပ်စင်များနှင့် ရေဓာတ်တို့ကြောင့် ကမ္ဘာပေါ်၌ သက်ရှိများဖြစ်တည်နိုင်သည့် အခြေအနေ ပေါ်ထွက်လာခဲ့ကြောင်း ယုံကြည်ရသည်။

**- ဒုက္ခပေးနိုင် -**

၂၀၀၅ ဝိုင်ယူ ၅၅ ကဲ့သို့အရွယ်အစားရှိသည့်ဂြိုဟ်သိမ်မျိုးသည် နှစ်တစ်သိန်းတွင်မှ တစ်ကြိမ်မျှသာ ကမ္ဘာကို ဒုက္ခပေးတတ်ပြီး ကမ္ဘာထက်အရွယ်အစားပိုမိုသေးငယ်သော လကမ္ဘာကိုမူ နှစ်ခုနှစ်သိန်းတွင်မှ တစ်ကြိမ်မျှသာ ဒုက္ခပေးနိုင်မည့်အလားအလာရှိသည်။

***အင်တာနက်။***



**လနှင့်ကမ္ဘာ အကြား ဖြတ်သန်းမည့် ၂၀၀၅ ဝိုင်ယူ ၅၅ ဂြိုဟ်သိမ်။**



# အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ အစည်းအဝေးများ ကျင်းပရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၅**

(၁၁)ကြိမ်မြောက် အာဆီယံဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေး (Telecommunication and IT Ministers Meeting -TELMIN) နှင့် (၁၂)ကြိမ်မြောက် အာဆီယံ ကြေးနန်းဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး (Telecommunication and IT Senior Official Meeting -TELSOM)ကို အာဆီယံနိုင်ငံများအနေဖြင့် အက္ခရာစဉ်အလိုက် တစ်နှစ်တစ်ကြိမ်ကျင်းပကြရသည်။ ယခုနှစ်တွင် မိမိတို့နိုင်ငံက အလှည့်ကျ ကျင်းပရမည်ဖြစ်သည်။ အဆိုပါ အစည်းအဝေးကျင်းပရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၄ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အစည်းအဝေးကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် အစည်းအဝေး၏ ရည်ရွယ်ချက်မှာ အာဆီယံအိုင်စီတီစီမံကိန်း ၂၀၁၅ (ASEAN Master Plan-2015) ပါ ရည်မှန်းချက်များကို အာဆီယံနိုင်ငံများက အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးကြမည်ဖြစ်ကြောင်း၊ အစည်းအဝေးသို့ အာဆီယံနိုင်ငံများအပြင် ဆွေးနွေးဖက်နိုင်ငံများကိုပါ ဖိတ်ကြားရမည်ဖြစ်ကြောင်းဖြင့် ထည့်သွင်းပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ အစည်းအဝေးကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ဒုတိယဝန်ကြီးများနှင့် ဆပ်ကော်မတီများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်ထားသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အစည်းအဝေး နိုင်ငံတကာအဆင့်ဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်မှ လစ်ဟာမှုမရှိအောင် အထူးဂရုပြုဆောင်ရွက်ပေးသွားကြရန်နှင့် မိမိတို့ တာဝန်ယူထားသည့် ကဏ္ဍများအလိုက် ကြိုတင်ဆောင်ရွက်ထားရှိရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# စစ်ကိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ် လွှတ်တော်အစည်းအဝေးများ ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

**ပထမအကြိမ် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့ကို နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီတွင် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသင်းလှိုင်၊ ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်(၁၀၀)ဦးတို့ တက်ရောက်ကြသည်။**



အစည်းအဝေးတွင် မေးခွန်း(၂၀)ကို သက်ဆိုင်ရာ ဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆို(၂)ခုကို အတည်ပြုခြင်း၊ တိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ပြုပြင်ပြီး၊ ၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ လျာထားချက်နှင့် ၂၀၁၁-၂၀၁၂ ဖြည့်စွက်ခွင့်ပြု ငွေစာရင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အတည်ပြုခြင်း၊ တိုင်းဒေသကြီး၏ ပဥ္စမကာလတိုင်းနှစ်စီမံကိန်း ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ်အထိ ရေးဆွဲတင်ပြသည့် ဒေသန္တရစီမံကိန်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ အတည်ပြုခြင်းတို့ကို ဆောင်ရွက်သည်။

အစည်းအဝေးကို မွန်းလွဲ ၂ နာရီတွင် ရုပ်သိမ်းလိုက်သည်။

ပထမအကြိမ် ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး တတိယနေ့ကို နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်(၇၄)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်း(၂၉)ခုအား တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီးက ပြန်လည်ဖြေကြားခြင်း၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က သဘောတူပြီးဖြစ်သော ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာငွေအရ/အသုံးဆိုင်ရာ လျာထားချက်နှင့် ၂၀၁၁-၂၀၁၂ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံခြင်း၊ တင်ပြချက်များကို အတည်ပြုခြင်းတို့ ဆောင်ရွက်ပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီခွဲတွင် ရုပ်နားလိုက်သည်။

ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး တတိယနေ့ကို နိုဝင်ဘာ ၄ ရက် နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ် လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ အစည်းအဝေးသို့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် (၄၆)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်း (၆)ခုကို သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးများက ပြန်လည်ဖြေကြားခြင်း၊ အဆိုသစ် (၁)ခု တင်သွင်းခြင်းနှင့် အစည်းအဝေး ဒုတိယနေ့တွင် တင်သွင်းခဲ့သည့် အဆို (၃)ခုကို အတည်ပြုခြင်းတို့ ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးကို မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရုပ်နားလိုက်သည်။ (သတင်းစဉ်)

**ပထမအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့)ကျင်းပစဉ်။**

(သတင်းစဉ်)

**သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၆-၁၁-၂၀၁၁ (တနင်္ဂနွေနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ထုတ်ပြန်ခြင်းနှင့်ဆွဲဆောင်ခြင်း" တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၇)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၁၂)**
- ၈း၄၀ နာဂလိုဏ်ဂူ၊ နန္ဒမူရိပ်သာ၊ သုကုမာရီ(၃)ထပ် သီလရှင်ကျောင်းရေစက်ချ အလှူတော်မင်္ဂလာ
- ၈း၅၅ ရွှေဈေးကွက်နှင့် ရွှေဝယ်လမ်းညွှန်
- ၉း၁၀ မန္တလေးတက္ကသိုလ် သတ္တဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ
- ၉း၃၀ Sunday Talk (ဒေါက်တာဒေါ်သက်သက်ခိုင်၊ မျိုးမြတ်သူ)
- ၁၀း၁၀ ပြောင်းလဲလာသော Food Culture နှင့် C.P.Product များ
- ၁၀း၂၀ ဗီဒီယိုပြခန်း
- ၁၀း၅၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ "နှလုံးသားမှာအထာရှိတယ်"
- ၁၁း၁၅ ဈေးဝယ်လမ်းညွှန်
- ၁၁း၄၀ ရန်ကုန်မြင်ကွင်းကျယ်
- ၁၂း၀၀ လွယ်ကူသက်သာစားစရာ "မန်ကျည်းတော်ဖီနှင့် သံပရာအဆီ"
- ၁၂း၁၀ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကိုသွားကြစို့
- ၁၂း၃၅ အရည်အသွေးတို့၏ပုံရိပ်များ
- ၁း၀၀ "ထုတ်ပြန်ခြင်းနှင့်ဆွဲဆောင်ခြင်း" တရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း Selection
- ၃း၂၅ Kid's Show
- ၄း၀၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၁၂)**
- ၄း၅၀ Activities In The City
- ၅း၁၅ FMF Selection
- ၅း၃၅ သွားမယ်စားမယ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၇း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၁၈)**
- ၇း၅၀ "ဖရထာ့ကရစာန်ရာပြည့်ဆုမ်ဒွေ(ချ) ဖရယာန်သံဝရ" ဗုဒ္ဓဘိသေက မင်္ဂလာအခမ်းအနား
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ရန်ကုန်မြင်ကွင်းကျယ်
- ၈း၅၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
- ၉း၀၅ ခရီးပျော်တို့လမ်းညွှန်ရာ (ပုဂံခရီးစဉ်) (အပိုင်း-၂)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၁၃)**
- ၁၀း၁၀ ပရီမီယာလိဂ်ရင်ခုန်သံ
- ၁၀း၂၅ Barclays Premier League (Fulham Vs Spurs)
- ၁၂း၂၅ ဗိုလ်ကလေးတင့်အောင်၏ ဘဝစာမျက်နှာများ
- ၁း၀၀ စွဲမက်ဖွယ်ရာရတနာ
- ၁း၂၅ **အသက်လေးရယ်တဲ့ရှည်စေလို**
- ၁း၃၅ Box Office Movies (Avator)
- ၁း၅၅ လှမ်းခဲ့ပါဆွေ "မနောမြေ"
- ၂း၀၅ တိရစ္ဆာန်လေးတွေမွေးကြမယ်
- ၂း၃၀ ခံစားချက်တို့ပေါင်းစုံရာ. . . ပေပလီကမ်းခြေသာ
- ၂း၄၅ ငြိမ့်ညောင်းသာယာ တယောပညာ
- ၃း၀၅ သာယာလှပတောင်ပေါ် ညောင်ရွှေမှ စမ်းသပ်အောင်မြင် ပုစွန်ကန်ရေပြင်
- ၃း၂၅ ရင်နှစ်ပန်းတို့လန်းစေချင်
- ၃း၄၀ မြန်မာ့လက်မှုပညာ
- ၃း၅၅ Shooting Location
- ၄း၁၀ ထာဝရအမှတ်ရစရာ ရွှေပြားပုံရိပ်လွှာ
- ၄း၃၀ ဓနုဖြူရဲ့အထင်ကရနေရာများဆီသို့ အလည်တစ်ခေါက်
- ၄း၄၀ ဆန္ဒပြည့်ဝ. . . ဖူးကြမသွေ. . . နှစ်ဆန် ဗုဒ္ဓေ
- ၅း၀၀ အစီအစဉ်ပြီး။

### Barclays Premier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | | | ပြသမည့်လိုင်း |
|---|---|---|---|---|
| ၇း၅၅ | Wolves | - | Wigan | ESPN |
| ၁၀း၂၅ | Fulham | - | Spurs | ESPN(MRTV-4) |
| ၉း၂၅ | Bolton | - | Stoke | STAR SPORTS |

*ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

## နိုင် ငံ တ ကာ ရုပ် ရှင် အ နု ပ ညာ ရုပ် ဝန်း

# ဆရာဝန်မလေးအဖြစ် ရှုစားရဦးမှာလား ဆိုယောင်း

**ကိုရီးယားနာမည်ကျော် အမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့ Girl's Generation ၏ အဖွဲ့ဝင် အဆိုတော်မလေး ဆိုယောင်းကိုလာမည့် ရုပ်သံဇာတ်လမ်းတွဲတစ်ခုတွင် ဆရာဝန်မလေးတစ်ဦးအဖြစ်သရုပ်ဆောင်ရန် ကမ်းလှမ်းထားသည်ဟု ဆိုသည်။**

ဆိုယောင်း၏ အနုပညာရေးရာ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ဆိုယောင်းသာ ဤရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်ဖြစ်မည်ဆိုလျှင် ကားပြိုင်ပွဲအသင်းတစ်သင်း၏ ဆရာဝန်မလေးတစ်ဦးအဖြစ် သရုပ်ဆောင်ရမည်ဖြစ်သကဲ့သို့ ရုပ်သံဇာတ်လမ်းတွဲတွင် ပထမဆုံးအကြိမ် ခေါင်းဆောင်မင်းသမီးအဖြစ် ပါဝင်ခွင့်ရမည်ဖြစ်ကြောင်း၊ ရုပ်သံဇာတ်လမ်းတွဲ၏ အမည်မှာ Speed ဟု ခေါင်းစဉ်ပေးထားကြောင်း ထုတ်ဖော်ပြော ကြားသည်။



တင်ဆက်လေ့ရှိသည့် ကိုရီးယားလှပျိုဖြူလေး ဆိုယောင်းကို ဆရာဝန်မလေးအဖြစ် မြင်တွေ့ရဦးမည်လား စောင့်ကြည့်ရမည်ဖြစ်သည်။

ယခုလောလောဆယ်ဆိုယောင်းသည် သူမ၏ Girls's Generation အဖွဲ့ဝင်ကိုးဦးနှင့်အတူ ၎င်းတို့၏ တတိယမြောက်တေးအယ်လ်ဘမ် The Boys ကို လွန်ခဲ့သည့်နှစ်ပတ်က ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ဖျော်ဖြေရေး စင်မြင့်ထက်တွင် သွက်လက်ချက်ချာရင်ခုန်စရာကောင်းလှသည့်ကကွက်ကဟန်များဖြင့် ဖျော်ဖြေ

**အေဝမ်းစိုး**

# ၂၀၁၁ ခုနှစ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော် ဖွင့်ပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၅

**၂၀၁၁ ခုနှစ် ရှမ်းပြည်နယ် တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၃ ရက် ညနေ ၅ နာရီတွင် တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ ကျင်းပသည်။**

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့် ဇနီး ဒေါ်ဖြူဖြူညွန့်တို့က စူဠာမုနိလောကချမ်းသာဘုရား၌ ပန်း၊ ဆီမီးဆက်ကပ်ပြီး ရင်ပြင်တော်ပေါ်တွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးတို့က စိန်နားပန်၊ မီးပုံးပျံကို လှူတင်ပူဇော်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဝေရာမီးပုံးပျံကွင်းသို့ သွားရောက်ကြပြီး တန်ဆောင်တိုင်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မီးပုံးပျံပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးဌာန ဝန်ကြီးတို့က မီးပုံးပျံပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရှမ်းပြည်နယ်ယဉ်ကျေးမှုအဖွဲ့က ကိန္နရီကိန္နရာအက၊ ဓားသိုင်းအကနှင့် တောင်ကြီးပညာရေးကောလိပ်မှ သင်တန်းသူလေးများက "တောင်ကြီးထာဝရ လှသောတန်ဆောင်တိုင်" သီချင်းဖြင့် ကပြကြပြီး ကျောင်းသား၊ ကျောင်းသူလေးများက မီးပုံးကလေးများဖြင့် ရှမ်းပြည်နယ်အမှတ်တံဆိပ် ရှမ်းအလံပုံ၊ ရှမ်းအိုးစည်ပုံနှင့် ချယ်ရီပန်းပုံတို့ဖြင့် သရုပ်ဖော်တင်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မီးပုံးပျံပွဲတော်ကို စက်ခလုတ်နှိပ်၍ မီးရှူးမီးပန်းများ ပစ်လွှတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## ဧရာဝတီတိုင်းဒေသကြီး တန်ပိုယာဉ်များ မပြတ်သန်းရေးနှင့် လမ်း၊တံတားပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ တွေ့ဆုံမှာကြား

**နေပြည်တော် နိုဝင်ဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထွန်းသည် နိုဝင်ဘာ ၂ ရက် နံနက် ၈ နာရီခွဲတွင် ပုသိမ်မြို့ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီးရုံးခန်းမ၌ အင်ဂျင်နီယာချုပ် (လေယာဉ်ကွင်း) ဦးစိုးတင့်၊ အထွေထွေမန်နေဂျာ (ပညာသည်) ဦးထင်အောင်ကျော်၊ ဧရာဝတီတိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော်နှင့် ခရိုင်အင်ဂျင်နီယာမှူးများ၊ စီမံကိန်းအထူးအဖွဲ့မှ အင်ဂျင်နီယာများအား တွေ့ဆုံ၍ တန်ပိုယာဉ်များ မပြတ်သန်းရေးနှင့် လမ်း၊တံတားပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကန့်ဘလူမြို့နယ် ရေရှင်ကြီးတံတားဘေလီသံပေါင်အား ကုန်တင်ယာဉ်တစ်စီး ဝင်တိုက်မှုကြောင့် ပျက်စီး

**နေပြည်တော် နိုဝင်ဘာ ၅**

နိုဝင်ဘာ ၁ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ကန့်ဘလူမြို့နယ် ရွှေဘို-မြစ်ကြီးနားလမ်း (ကျေးပင်အက်ဆည်ရှောင်ကွင်းလမ်း) မိုင်တိုင်အမှတ်(၆/၀)နှင့် (၆/၁) အကြားရှိ အရှည်ပေ ၆၀၊ တံတားအမှတ်(၁/၇)ရေရှင်ကြီးတံတား အရှေ့ဘက်ခြမ်း ဘေလီသံပေါင်အား ကျောက်တန်းဘက်မှ ယာဉ်မောင်းဦးမြင့်နိုင် မောင်းနှင်လာသော စပါးတင်း ၄၀၀ တင်ဆောင်လာသည့် ကုန်တင်ယာဉ်ကြီးသည် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ ဝင်တိုက်မှုကြောင့် ပျက်စီးသွားခဲ့သည်။

အဆိုပါတံတားအား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ရွှေဘိုခရိုင်မှ တာဝန်ရှိသူများက လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် အမြန်ဆုံးပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)



**ရေရှင်ကြီးတံတား အ ရှေ့ ဘက် ခြမ်း ဘေလီသံပေါင်အား ကုန်တင်ယာဉ်ကြီး ဝင်တိုက်စဉ်။**
(သတင်းစဉ်)

## မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် နိုဝင်ဘာ ၅

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ထက် ၄ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရခိုင်ပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်မှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ် ဖြစ်သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** နေပြည်တော်(တပ်ကုန်း)တွင် သုည ဒသမ ၂၄ လက်မဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

## မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်များ၏ကြံ့ခိုင်မှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၅**

၂၀၁၁-၂၀၁၂ ခုနှစ် ကျိုက်ထီးရိုးဘုရားပွဲတော်ကာလအတွင်း ကင်မွန်းစခန်းတောင်ခြေမှ ရသေ့တောင်ရင်ပြင်တော်သို့ မော်တော်ယာဉ်ဖြင့် စီးနင်းသွားလာကြမည့် ဘုရားဖူးများ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုများ မရှိစေရေးအတွက် ပြည်နယ်ယာဉ်ကြံ့ခိုင်မှုစစ်ဆေးရေးအဖွဲ့ဖြင့် ယာဉ်ကြံ့ခိုင်မှုစစ်ဆေးပေးလျက်ရှိရာ မွန်ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးထွန်းလှိုင်သည် ပြည်နယ်ယာဉ်ကြံ့ခိုင်မှု စစ်ဆေးရေးအဖွဲ့ခေါင်းဆောင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမိုးမြင့်၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် ကင်မွန်းစခန်း တောင်ခြေ၌ ဘုရားပွဲတော်ကာလအတွင်း ပြေးဆွဲကြမည့် ကျိုက်ထီးရိုးတောင်တက် မော်တော်ယာဉ်အသင်းမှ မော်တော်ယာဉ် ၁၄၃ စီးအား ယာဉ်တစ်စီးချင်း၏ အင်ဂျင်ဆွဲအားစနစ်၊ ဂီယာစနစ်၊ စတီယာ ရင်ထိန်းချုပ်မှုစနစ်၊ ဘရိတ်စနစ်နှင့် တာယာများ၏ ကြံ့ခိုင်မှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ဝဲပုံ)** (သတင်းစဉ်)

## ရန်ကုန်-မန္တလေး အမြန်လမ်း၌ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွား

**နေပြည်တော် နိုဝင်ဘာ ၅**

အောက်တိုဘာ ၁၇ ရက် ညနေ ၄ နာရီ ၁၅ မိနစ်ခန့်တွင် ရန်ကုန်-မန္တလေးအမြန်လမ်း ရန်ကုန်-နေပြည်တော်အပိုင်း မိုင်တိုင်အမှတ် (၁၆၅/၀)နှင့် (၁၆၅/၁) ကြား၌ ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း ဦးစန်းသူရအောင် မောင်းနှင်လာသော Super Custon ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်တွင် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူ ဦးဇင်အောင်မှာ ဒဏ်ရာအနည်းငယ် ရရှိခဲ့ကြောင်း၊ ယာဉ်မောင်းသူအပါအဝင် ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦးစလုံး အရက်သေစာ သောက်စားထားကြောင်း သိရှိရသည်။

အလားတူ အောက်တိုဘာ ၁၉ ရက် ညနေ ၅ နာရီ ၄၅ မိနစ်ခန့်တွင် ရန်ကုန်-မန္တလေးအမြန်လမ်း ရန်ကုန်-နေပြည်တော်အပိုင်း မိုင်တိုင်အမှတ်(၁၈၁/၂)၌ ရန်ကုန်မှ နေပြည်တော်သို့ ယာဉ်မောင်း ဦးဝင်းမြင့်သိန်း မောင်းနှင်လာသော Canter ယာဉ်သည် ကားနောက်ဘီးပေါက်၊ ပြုတ်ထွက်ပြီး လမ်းပခုံးနှင့် တိုက်မိကာ တိမ်းမှောက်ခဲ့ကြောင်း၊ ယင်းတိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဒဏ်ရာ အနည်းငယ်ရရှိခဲ့ကြောင်း သိရသည်။

ဆောက်လုပ်ရေး ဝန်ကြီးဌာနသည် ရန်ကုန်-မန္တလေးအမြန်လမ်းတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းညွှန်သင်္ကေတ အမှတ်အသားများ၊ သတိပေးဆိုင်းဘုတ်ဖြစ်သည့် "ယာဉ်မောင်းသူများ အိပ်ငိုက်၍ ကားမမောင်းရန်၊ အရက်သေစာ သောက်စား၍ ကားမမောင်းရန်၊ သတ်မှတ်အရှိန်ထက်ကျော်လွန် မောင်းနှင်ခြင်း မပြုရန်" "ခါးပတ်ပတ်၍ မောင်းနှင်ပါ၊ ယာဉ်ကြံ့ခိုင်မှုစစ်ဆေးပြီးမှ မောင်းနှင်ပါ၊ တာယာများကောင်း၊ မကောင်း စစ်ဆေးပြီးမှ မောင်းနှင်ပါ" စသည်ဖြင့် လမ်းတစ်လျှောက် ဆိုင်းဘုတ်များ စိုက်ထူ၍ သတိပေးထားသည်။

ယခုယာဉ်တိမ်းမှောက်မှုဖြစ်စဉ်နှစ်ခုတွင် အရက်သေစာသောက်စားထားခြင်း၊ မော်တော်ယာဉ် ကြံ့ခိုင်မှုမရှိခြင်း၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ အနေဖြင့် မော်တော်ယာဉ်အား ကြံ့ခိုင်မှု စစ်ဆေးရန် အားနည်းခြင်းတို့ကြောင့် ယာဉ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သိရှိရသဖြင့် အဆိုပါအားနည်းချက်များ မဖြစ်စေရေး သတိထားမောင်းနှင်ကြရန် ဆောက်လုပ်ရေးဝန်ကြီးဌာနက ထပ်မံသတိပေးထားသည်။

(သတင်းစဉ်)

**ရန်ကုန်-နေပြည်တော်အပိုင်း မိုင်တိုင်အမှတ် (၁၆၅/၀)နှင့် (၁၆၅/၁) ကြား၌ Super Custon ယာဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်တွင် တိမ်းမှောက်မှုဖြစ်ပွားခဲ့စဉ်။** (သတင်းစဉ်)



## ယာဉ်သုံးစီး ဆင့်ကဲတိုက်မှု သာဂရမြို့၌ ဖြစ်ပွား

**ရေတာရှည် နိုဝင်ဘာ ၅**

နိုဝင်ဘာ ၂ ရက် ညနေ ၃ နာရီ မိနစ် ၂၀တွင် ယာဉ်မောင်း ချစ်ကိုကို (၃၂)နှစ် သဲဖြူလေးရွာ သာပေါင်းမြို့နေသူ မောင်းနှင်သည့် ၄ဂ/------ နစ်ဆန်း၊ ဒီဇယ် အပြာရောင်ထွေလာကုန်တင်ယာဉ်သည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး (ပုံမှန်) ကားလမ်းအတိုင်း တောင်ဘက်သို့ အရှိန်ဖြင့် မောင်းနှင်လာစဉ် သာဂရမြို့ သားတော်ရာဘုရားအနီး ကားလမ်းအရှေ့ဘက်တွင် ရပ်တန့်ထားသည့် ၆ခ/------ ထွေလာကုန်တင်ယာဉ်၏ ဦးခေါင်းဝဲဘက်ခြမ်းကို ဝင်တိုက်မိခဲ့ကာ လမ်းကြောင်းတူ ရှေ့မှသွားနေသော ခရီးသည်တင် ဒိုင်နာယာဉ် အမှတ် ၂ခ/------ အဖြူရောင်ကို ဆက်လက်တိုက်မိခဲ့သဖြင့် ဒိုင်နာယာဉ်မှာ နောက်ပြန်လည်၍ တိမ်းမှောက်သွားခဲ့ပြီး ဒိုင်နာယာဉ်ပေါ်မှ လွင့်စဉ်ကျလာသော မလှလှထွေး (၃၂)နှစ် ငါးကြီးကွေ့ရွာ ဆွာမြို့နေသူကို ဖြတ်ကြိတ်သွားခဲ့သဖြင့် နေရာတွင်ပင် ပွဲချင်းပြီးသေဆုံးသွားခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဒိုင်နာခရီးသည်တင်ယာဉ်ပေါ်မှ လိုက်ပါစီးနင်းလာသူများအပါအဝင် ကျား ငါးဦး၊ မ သုံးဦးတို့ ဒဏ်ရာများအသီးသီးရရှိ၍ ဆွာတိုက်နယ်ဆေးရုံသို့ အရေးပေါ်တင်ပို့ပေးခဲ့သည်။ အခင်းဖြစ်ပွားရာသို့ ရေတာရှည်မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး-ဒုရဲမှူး စိုင်းလှထူး၊ သာဂရရဲစခန်းမှ စခန်းမှူးရဲအုပ် မောင်မောင်မြင့်၊ ဒု-ရဲအုပ် သန်းဇော်မင်းနှင့် ရဲတပ်ဖွဲ့ဝင်များက ယာဉ်ကြောပိတ်ဆို့မှု မရှိစေရန် အမြန်ဆုံးဆောင်ရွက်ပေးသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း ချစ်ကိုကို (၃၂)နှစ် သဲဖြူလေးရွာ သာပေါင်းမြို့နေသူအား သာဂရရဲစခန်းမှ (ပ)၄၅/၂၀၁၁ ပုဒ်မ ၃၃၇/၃၃၈/၃၀၄-ကဖြင့် အမှုဖွင့်ထားကြောင်းသိရသည်။ (၅၇၈)



**❍ အခြေခံမူလတန်းမှ**

တာဝန်ရှိသူတို့သည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တံတားဦးမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ပြည့်ဖြိုးကျော် ဆောက်လုပ်ရေးကုမ္ပဏီက လှူဒါန်းသော Toyota Hiace အမျိုးအစား လူနာတင်ယာဉ်ကို ကြည့်ရှုကြပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုကြသည်။

၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ထူးချွန်ကျောင်းများအား ဆုချီးမြှင့်ခြင်း၊ ပညာ့ဂုဏ်ရည် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ခြင်း၊ လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ခြင်းနှင့် တံတားဦးမြို့နယ် ပညာရေးဖောင်ဒေးရှင်း ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း အခမ်းအနားများကို နံနက် ၉ နာရီခွဲတွင် တံတားဦးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပသည်။ အဆိုပါ အခမ်းအနား၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး တက်ရောက်၍ အမှာစကားပြောကြားရာတွင် ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များပါဝင်သော လွှတ်တော်နှင့် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်နေကြောင်း၊ ယင်းသို့ တည်ဆောက်ရာတွင် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားစသည့် အင်အား(၃)ရပ်ကို တစ်ပြိုင်နက်တည်း ဘက်စုံဖွံ့ဖြိုးတိုးတက်လာအောင် တည်ဆောက်လျက်ရှိကြောင်း၊ ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်သည့် နိုင်ငံတော်ကြီးဖြစ်အောင် နိုင်ငံသားတိုင်း ကိုယ်ကျင့်သိက္ခာကောင်းမွန်ပြီး အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုထွန်းကားလာအောင် လေ့ကျင့်ပျိုးထောင်ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ် ဖြစ်တည်လာရန်အတွက် လူသားမျိုးဆက် တစ်ဆက်ပြီးတစ်ဆက် ဖြစ်မြောက်အောင် သန္နိဋ္ဌာန်စိတ်နှင့် မဆုတ်မနစ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြေခံဖြစ်သည့် ကျောင်းနေအရွယ်ကလေးသူငယ်များမှ အစပြု၍ ကျန်းမာသန်စွမ်းပြီး အသက်အရွယ်အလိုက် ရှိသင့်သည့် ဉာဏ်ရည်မြင့်မားဖွံ့ဖြိုးတိုးတက်စေရန်၊ ဥပဒေကိုလေးစားလိုက်နာတတ်သည့် နိုင်ငံသားများဖြစ်လာစေရန်၊ အကျင့်စာရိတ္တကောင်းမွန်မှန်ကန်စေရန်နှင့် ပြည်သူ့နီတိ (Civic Duty)ဟု ခေါ်သော ပြည်သူ့သားကောင်းဝတ္တရား၊ အလေ့အကျင့်ကောင်းများကို လေးစားလိုက်နာတတ်စေရန်ကြပြီး စာပေဗဟုသုတများကိုလည်း အမြဲလေ့လာနေကြရန် အရေးကြီးကြောင်း။

မိဘများအနေဖြင့်လည်း နိုင်ငံတော်၏ အမျိုးသားပညာရည်မြင့်မားရေး၊ အနာဂတ်လူငယ်တိုင်း၏ ဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့် ရည်ရွယ်၊ ရည်မှန်းချက်အသီးသီးအောင်မြင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသော ကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ **"သိဂါလောဝါဒသုတ်တော်လာ"** မိဘကျင့်ဝတ်နှင့်အညီ ကျင့်ကြံဆောင်ရွက်ပြီး **"ပုဗ္ဗာစရိယမိနဲ့ဖ"**ဆိုသည့်အတိုင်း လက်ဦးဆရာများဖြစ်ကြသော မိဘများသည် မိမိသားသမီးများကို သားသမီးကျင့်ဝတ်မှစ၍ ဝိဇ္ဇာပညာ၊ သိပ္ပံပညာမှသည် နိုင်ငံတကာဘွဲ့လွန်အဆင့်ပညာရေးအထိတိုင် တတ်မြောက်အောင်မြင်သော သားကောင်းသမီးမွန်ဖြစ်အောင် ပြုစုပျိုးထောင်ရမည်ဖြစ်ကြောင်း၊ အခြေခံပညာအဆင့်မှစ၍ သားသမီးများအပေါ် ထိတွေ့မှုမပြတ် အစဉ်စောင့်ကြည့်အကဲခတ်၍ လမ်းကြောင်းမှန်ပေါ် လွယ်ကူစွာလျှောက်လှမ်းနိုင်ရန် ပြုစုစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ ပညာရည်ထူးချွန်အောင်မြင်သည့် သားငယ်၊ သမီးငယ်များကို ပညာရည်ချွန်ဆု ပံ့ပိုးချီးမြှင့်ပေးရခြင်း ရည်ရွယ်ချက်မှာ အခြေခံပညာအဆင့်တွင် လေ့လာသင်ယူနေကြသည့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အတုယူအားကျစိတ်၊ ကြိုးစားအားထုတ်လိုစိတ်၊ ပညာကိုအလေးအမြတ်ထားသည့်စိတ် စသည့်စိတ်ဓာတ်အင်အားများ တိုးပွားစေပြီး ပညာရည်မြင့်မားသည့်၊ ထူးချွန်ထက်မြက်သည့် လူငယ်လူရွယ်များ၊ လူ့စွမ်းအားအရင်းအမြစ် မြင့်မားသော လူငယ်များ ပေါ်ထွန်းတိုးတက်အောင်မြင်စေရန် မြှင့်တင်ပေးလိုသည့် စိတ်ရင်းစေတနာဖြင့် ကျင်းပပေးခြင်းပင်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် မြန်မာ့ပညာရေးလောက အဆင့်မြှင့်တင်နိုင်ရန်အတွက် အခြေခံမူလတန်းပညာရေးစနစ်ကို အခမဲ့မသင်မနေရစနစ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်နေသည့်အပြင် အခြေခံပညာကဏ္ဍ နှစ်(၃၀) နှစ်ရှည်စီမံကိန်း ချမှတ်ရေးဆွဲပြီး (၅)နှစ် နှစ်တိုစီမံကိန်း (၆)ခုဖြင့် စီမံကိန်းလုပ်ငန်းစဉ် (၁၀)ရပ်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ယခုအချိန်အခါသည် Knowledge Age ဟုခေါ်သော ပညာခေတ်ကိုရောက်ရှိလာပြီး နိုင်ငံတော် ပညာရေးမျှော်မှန်းချက်များ အောင်မြင်ရေးနှင့် ၂၁ ရာစုတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် ပညာခေတ်စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းကျော်လွှားနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်မွေးထုတ်ပေးရာတွင် အဓိကဦးဆောင်မှုအခန်းကဏ္ဍမှ ပါဝင်နေသူများမှာ ဆရာ၊ မိဘ၊ ကျောင်းသား၊ ကျောင်းသူများပင် ဖြစ်ကြောင်း။

ဆရာများအနေဖြင့် **"ဆရာကောင်းတပည့် ပန်းကောင်းပန်"** ဆိုသည့် ဆိုရိုးစကားအတိုင်း ဆရာ၊ ဆရာမများကောင်းမှ တပည့်များတော်နိုင်မည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ ပြည့်ဝနေစေရန် သင်ကြားပေးရမည့် သင်ခန်းစာများကို ကိုယ်တိုင်ကျေလည်ရှင်းလင်းစွာ တတ်သိနားလည်ထားရန် အရည်အချင်းပြည့်ဝသည့် ဆရာ၊ ဆရာမများဖြစ်ရေးဆည်းပူးလေ့လာနေရန် အရေးကြီးကြောင်း၊ တပည့်များကို ပညာသာမက လိမ္မာရေးခြားရှိအောင်၊ ဗဟုသုတကြွယ်ဝအောင် သွန်သင်ပေးရန် တာဝန်ရှိသည့်အတွက် မိမိတို့ကိုယ်တိုင် စံပြဖြစ်အောင် ထိန်းသိမ်းဆောင်သင့်တာဆောင်၊ ရှောင်သင့်တာရှောင်ပြီး အရာရာတွင် အသိတရားနှင့်ယှဉ်ကာ လူတော်လူကောင်းများဖြစ်အောင် နေထိုင်ကျင့်ကြံဆောင်ရွက်နေရန် လမ်းညွှန်ဆုံးမကြပ်မတ်နေရန်လိုကြောင်း။

- သို့ဖြစ်၍ မိဘများသည် တိုင်းပြည်တိုးတက်ရန်၊ မိမိတို့၏ သားသမီး အနာဂတ်လှပရန် ကလေးငယ်များကို ထိန်းသိမ်းကြပ်မတ်ကြပါ။
- ဆရာများအနေဖြင့် စိတ်ရင်းကောင်းပြီး ပညာတော်သည့် **လူကောင်းလူတော်**လေးများဖြစ်အောင် လေ့ကျင့်သင်ကြားပေးရုံသာမက မကောင်းတာတား၊ ကောင်းရာကိုလမ်းညွှန်ပြသပေးကြပါ။
- ထူးချွန်သားငယ်၊ သမီးငယ်များအနေဖြင့် ဤနိုင်ငံ၊ ဤမြေနှင့် ဤရပ်ရွာ၏အကျိုးကို စောင့်ရှောက်နိုင်သူများဖြစ်အောင် ကြိုးစားကြပါဟု ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ကြသည့် (၆)ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ (၅)ဘာသာဂုဏ်ထူးရှင် နှစ်ဦး၊ (၄)ဘာသာဂုဏ်ထူးရှင် လေးဦး၊ (၃)ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် လေးဦး၊ (၁)ဘာသာဂုဏ်ထူးရှင် ၂၃ ဦးနှင့် တံတားဦးမြို့နယ်တွင် အောင်ချက်အကောင်းဆုံးရရှိသော ကျောင်း၊ ဂုဏ်ထူးအများဆုံးရရှိအောင် သင်ကြားပေးသော ကျောင်းများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပညာ့ဂုဏ်ရည်ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို အလှူရှင် ဦးသက်တင်ဝင်းက မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးထံ ပေးအပ်သည်။

ယင်းနောက် အလှူရှင်က စာရေးစားပွဲ၊ စာရေးခုံအစုံ ၃၀၊ စားပွဲ၊ ကုလားထိုင်ခြောက်စုံ၊ စားပွဲ၊ တန်းလျားတစ်စုံ၊ ဆက်တီတစ်စုံတို့ကို ပေးအပ်ရာ အပြင်စံရာမူလတန်းကျောင်းအုပ်ကြီးက လက်ခံသည်။

ထို့နောက် တံတားဦးမြို့နယ် ပြည်သူ့ဆေးရုံအတွက် လူနာတင်ယာဉ်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို ပြည့်ဖြိုးကျော်ကုမ္ပဏီမှ ဦးလှမောင်ရွှေက မြို့နယ်ကျန်းမာရေးမှူးထံ ပေးအပ်သည်။

ယင်းနောက် တံတားဦးမြို့နယ် ပညာရေးမှူးက တံတားဦးမြို့နယ် ပညာရေးဖောင်ဒေးရှင်း ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပညာရေးဖောင်ဒေးရှင်းအတွက် အလှူရှင်များက အလှူငွေများ ပေးအပ်ကြရာ ဖောင်ဒေးရှင်းကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်တင်က လက်ခံသည်။

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

(သတင်းစဉ်)



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ထူးချွန်ကျောင်းများအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး အပြင်စံရာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြား၊ သင်ယူနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)



အောက်တိုဘာ ၃၀ ရက်က လှိုင်မြို့နယ် အမှတ်(၇)ရပ်ကွက်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကျင်းပရာ အနောက်ပိုင်းခရိုင် ခရိုင်ဦးစီးဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး) ဦးယဉ်ထွေး၊ မြို့နယ်ဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးနိုင်အောင်ထွန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအေးနိုင်တို့ ကွင်းဆင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသော နိုင်ငံသားအရည်အချင်း ပြည့်မီသူများအနက်မှ ၄၆၈ ဦးတို့၏ ကတ်ပြားများအား တစ်ဦးချင်းပေးအပ်စဉ်။ (ကြေးမုံ)

## ပြည်သူ့ထံမှ ပေးစာများ

### အောက်ခြေပြတ်လမ်းမီးတိုင် ပြုပြင်ပေးပါ

**စာတည်းခင်ဗျား-**

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ကမ္ဘောဇသာဒီနန်းတော်ရာအနီး အမှတ်(၆) အခြေခံပညာအထက်တန်း ကျောင်းရှေ့ဝင်ပေါက်တည့်တည့် လမ်းမီးတိုင်ကို ထောက်ထားသောတိုင်မှာ အောက်ခြေပြတ်၍ အပေါ်၌ တွဲလောင်းအနေအထားဖြစ်နေပြီး ပြုတ်ကျပါက လမ်းသွားလမ်းလာများ အန္တရာယ်ဖြစ်နိုင်ပါသဖြင့် ပြုပြင်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်ပြည်သူတစ်ဦး**

### ပလတ်စတစ်ညှော်နံ့ ပတ်ဝန်းကျင်ပျံ့နှံ့

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ အင်းစိန်မြို့နယ် ဝါကင်းရပ်-အုပ်စု(၁၁)စော်ဘွားကြီးကုန်း ရပ်ကွက် ဝါကင်းကျောင်းလမ်းအတွင်း၌ ပလတ်စတစ်ကြိတ်သည့်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ပတ်ဝန်းကျင်နေသူများ ညှော်နံ့ဆိုးများကို နေ့စဉ်ရှူရှိုက်နေရပါ၍ ကျန်းမာရေးထိခိုက်စေပါသဖြင့် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ၊ လမ်းသားများ**

### ကျူးကျော်ဆိုင်များကြောင့် ပတ်ဝန်းကျင်ညစ်ညမ်း

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဒလမြို့နယ် ကျန်စစ်သားရပ်ကွက် မြဝတီမင်းကြီးလမ်းထိပ် ဓမ္မစေတီလမ်းတွင် ကျူးကျော်ဆိုင်များရှိရာမှ စွန့်ပစ်အညစ်အကြေးများ၊ ရေဆိုးရေပုပ်များကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေးထိခိုက်လျက် ရှိပါသဖြင့် ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ၊ လမ်းသားများ**

### လမ်းထိပ်ရှိ အမှိုက်ပုံကြီး ရှင်းလင်းပေးစေချင်

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၃)ရပ်ကွက် (၆၄) လမ်းနှင့် ကုန်သည်လမ်းထောင့်တွင် အမှိုက်ပုံကြီးရှိရာ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူ သက်ကြီးရွယ်အို၊ ပြည်သူများ ကျန်းမာရေး ထိခိုက်လျက်ရှိပါ၍ အဆိုပါအမှိုက်ပုံအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူ၊ လမ်းသားများ**

### ခွေးသားပေါက်သံ ဆူဆူညံ ရှင်းလင်းပြီးစီး

၉-၁၀-၂၀၁၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ အမှတ်(၃) ရပ်ကွက်မှ ခွေးသားပေါက်သံ ဆူဆူညံ ပေးစာနှင့် စပ်လျဉ်း၍ စိစစ်ဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်)

**ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့**
**သဘာဝတောတွေ ထိန်းသိမ်းစို့**

## အင်ဒိုနီးရှားရိုးရာလက်ဝှေ့ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ရိုးရာလက်ဝှေ့အဖွဲ့ ပြည်ပထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၅**

၂၀၁၁ ခုနှစ် နိုဝင်ဘာ ၅ ရက်မှ ၁၅ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် အင်ဒိုနီးရှားရိုးရာလက်ဝှေ့ Tarung Derajat ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဗလကျော်သူ ခေါင်းဆောင်သော မြန်မာ့လက်ရွေးစင်ရိုးရာလက်ဝှေ့ အားကစားအဖွဲ့ဝင် ကိုးဦးသည် ယနေ့မွန်းတည့် ၁၂ နာရီတွင် လေကြောင်းခရီးဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားရာ အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာ့လက်ရွေးစင် ရှက်လေ့အားကစားသမားများအား ထောက်ပံ့ငွေများလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၅**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ရှက်လေ့အားကစားသမားများအား မြန်မာနိုင်ငံအမျိုးသမီးအားကစား အဖွဲ့ချုပ် ရှက်လေ့အားကစားနည်း နာယက အမှတ်(၂)စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဇနီး ဒေါ်တင်အုန်းမြင့်၊ နာယကအဖွဲ့ဝင် ဒေါ်မေသန်းထိုက်၊ မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဒေါ်ခင်ဆွေမြင့်၊ အထွေထွေအတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီနှင့် အမှုဆောင်အဖွဲ့ဝင်များသည် ယမန်နေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အင်းလျားကန်ရှိ မြန်မာနိုင်ငံရှက်လေ့ အားကစားအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ လေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကြပြီး အားကစားသမားများအား ထောက်ပံ့ငွေနှင့် အင်အားဖြည့်အစားအစာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာအသင်း ဗီယက်နမ်ကို သရေကစား

သတင်းနှင့် ဓာတ်ပုံ - စိုးညွန့်

**ဂျကာတာ နိုဝင်ဘာ ၅**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ခ) ဒုတိယနေ့ ပွဲစဉ်များကို ယနေ့ညပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ Lebak Bulus




**မြန်မာအသင်းနှင့် ဗီယက်နမ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြစဉ်။**

ကွင်း၌ ကျင်းပရာ မြန်မာအသင်းက ဗီယက်နမ်အသင်း ကို ဂိုးမရှိ သရေကစားသွားသည်။

| | | |
|---|---|---|
| **မြန်မာအသင်း** | - | **ဂိုးမရှိ** |
| **ဗီယက်နမ်အသင်း** | - | **ဂိုးမရှိ** |

ယခုဆီးဂိမ်းစ်ပြိုင်ပွဲတွင် မြန်မာအသင်းခြေစွမ်းပြနေပြီး ယခုပွဲတွင်လည်း ဗီယက်နမ်အသင်းကို သရေကစားသွားနိုင်ခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ယှဉ်ပြိုင်ကစားခဲ့သည့် VFF CUP ဖိတ်ခေါ်ဖလားပြိုင်ပွဲတွင် ဗီယက်နမ်အသင်းကို ဂိုးပြတ်ရှုံးထားခဲ့သည့် မြန်မာအသင်းမှာ ယခုပွဲတွင် ခံစစ်ကို သေချာပြင်ဆင်ကာ အဖိုးတန်သရေတစ်မှတ်ရယူသွားခဲ့ခြင်းဖြစ်သည်။ ၅၈ မိနစ်တွင် နောက်ခံလူ မိုးဝင်းအနီကတ်ဖြင့် ထုတ်ပယ်ခံလိုက်ရ၍ လက်ကျန်မိနစ် ၃၀ ကျော်ကို ၁၀ ဦးတည်းဖြင့်ကြံ့ကြံ့ခံကစားကာ မြန်မာအသင်းအမှတ်ယူသွားခြင်းဖြစ်သည်။

မြန်မာအသင်းမှာ ၁-၄-၄-၁ ကစားကွက်ဖြင့် ကစားခဲ့ပြီး ဒုတိယပိုင်းတွင် တစ်ယောက်လျော့သွားသော်လည်း အနိုင်ရရှိရန် အခွင့်အရေးများ ရရှိခဲ့သည်။ မင်းမင်းသူ၊ အောင်မြင့်အေးတို့၏ အပိုင်ဂိုးသွင်းခွင့်များလွဲချော်ခဲ့သလို ရန်အောင်ဝင်း၏ ဖရီးကစ်ကန်ချက်မှာလည်း ဘားထိထွက်သွား၍ နစ်နာခဲ့ရသည်။

အခြားပွဲစဉ်တွင် တီမောအသင်းက ဘရူနိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယနေ့ပွဲစဉ်အပြီးတွင် အုပ်စု(ခ)၌ မြန်မာနှင့် ဗီယက်နမ်တို့က လေးမှတ်စီရရှိသွားပြီး တီမောအသင်းက သုံးမှတ်ရရှိထားသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၅**

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ ပူးပေါင်း၍ မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုများ ဆွတ်ခူးနိုင်ရန် ရည်ရွယ်လျက် နှစ်စဉ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများကျင်းပပေးလျက်ရှိရာ နိုဝင်ဘာ ၂၆ ရက်တွင် (၄၃)ကြိမ်မြောက်ကာယဗလနှင့် ကာယအလှပြိုင်ပွဲကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ MCC ခန်းမ၌ လည်းကောင်း၊ ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ (၁၇)ကြိမ်မြောက် အမျိုးသမီး ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်း (အေရိုးဗစ်)ပြိုင်ပွဲကို သယ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁)သုဝဏ္ဏ၌ လည်းကောင်း၊ ဒီဇင်ဘာ ၁၀ ရက်မှ ၁၅ ရက်အထိ (၄၃)ကြိမ်မြောက် ကြက်တောင်ရိုက်ပြိုင်ပွဲကို ကျုံးကြီးလမ်း ကြက်တောင်အားကစားရုံ၌ လည်းကောင်း၊ ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်အထိ (၁၁)ကြိမ်မြောက် ဘီလိယက်နှင့် စနူကာပြိုင်ပွဲကို လည်းကောင်း ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် နိုဝင်ဘာ ၅**

ဦးချစ်မင်းစံသည် ကစားဖော်များဖြစ်ကြသောဦးသိန်းနိုင်၊ ဦးစန်းလွင်၊ ဦးမျိုးမြင့်နိုင်တို့နှင့်အတူ ယမန်နေ့က မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Titleist NO(1) ဘောလုံးကို Taylor Made R11 Iron NO (8) သံတုတ်ဖြင့် ရိုက်လိုက်ရာ၁၄၂ ကိုက်အကွာအဝေးတွင်ရှိသော ကျင်းအမှတ်(၁၇)သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။

(ကြေးမုံ)

## ရပ်ကွက်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၅**

၂၀၁၁ ခုနှစ် မြောက်ဥက္ကလာပမြို့နယ် အုပ်ချုပ်ရေးမှူးဖလား ရပ်ကွက်ပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယမန်နေ့ ညနေ ၃ နာရီတွင် မြို့နယ်အားကစားကွင်း၌ ကျင်းပရာ အလယ်ဈေးရပ်ကွက်အသင်းက တောင်ရပ်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းက ဆုများချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ထုပ်ဆီးတိုးပြိုင်ပွဲ ဖွင့်

**ရန်ကုန် နိုဝင်ဘာ ၅**

အမှတ်(၃) အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံရိုးရာအားကစားအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား၊ အမျိုးသမီး ထုပ်ဆီးတိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြိုင်ပွဲဝင်ထုပ်ဆီးတိုးအသင်းများ သတ်မှတ်နေရာတွင် နေရာယူကြပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအေးက အဖွင့်အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး ပထမနေ့ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲ ပွဲစဉ်များကို စတင်ကျင်းပသည်။

ပြိုင်ပွဲသို့ အမျိုးသား ၁၄ သင်း၊ အမျိုးသမီး ကိုးသင်း စုစုပေါင်း ၂၃ သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို နိုဝင်ဘာ ၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်နှစ် ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ ထုပ်ဆီးတိုးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းနှစ်သင်း ယှဉ်ပြိုင်ကြစဉ်။**

(မြန်မာနိုင်ငံ ရိုးရာအားကစားအဖွဲ့ချုပ်)

### နိုင်ငံတကာအားကစားသတင်း — ဟိန်းထက်

## ဖာဂူဆန်ကို မြတ်နိုးလေးစားဆဲဖြစ်ကြောင်း ဘက်ခမ်းပြောကြား

**လန်ဒန် နိုဝင်ဘာ ၅**

အယ်လ်အေဂလက်ဆီကစားသမား ဒေးဗစ်ဘက်ခမ်းက မိမိသည် ဖာဂူဆန်ကို မြတ်နိုးလေးစားနေဆဲဖြစ်ကြောင်း မန်ယူအသင်းကို ကိုင်တွယ်ခဲ့သည့် နည်းပြဖာဂူဆန်၏ ၂၅ နှစ်မြောက်နေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ ဖာဂူဆန်သည် မန်ယူအသင်းကို စတင်ကိုင်တွယ်သည့် အချိန်မှစ၍ ယခု ၂၅ နှစ်ပြည့်မြောက်သည်အထိ အသင်းအတွက် အောင်မြင်မှုများစွာ ဆောင်ကြဉ်းပေးနိုင်ခဲ့သူ ဖြစ်သည်။

ထို့ပြင် ဘက်ခမ်း**(အောက်ပုံ)**က မိမိအား ၂၀၀၃ ခုနှစ်က ရီးယဲလ်မက်ဒရစ်အသင်းသို့ ပေါင် ၂၅ သန်းဖြင့် ရောင်းထုတ်ခဲ့သော်လည်း မိမိအနေဖြင့်ဖာဂူဆန်အပေါ် အပြစ်မမြင်ကြောင်း၊ မိမိ၏မိဘများသည် မိမိအား လူလားမြောက်အောင် ပြုစုစောင့်ရှောက်ခဲ့ကြောင်း၊ ထို့အတူ ဖာဂူဆန်သည်လည်း မိမိအား ပရော်ဖက်ရှင်နယ်ကစားသမားဖြစ်လာအောင်မြေတောင်မြှောက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် မိမိ၏ မိဘများနှင့် ဆရာဟောင်း ဖာဂူဆန်မှာ မိမိ၏ ကျေးဇူးရှင်များ ဖြစ်ကြကြောင်း၊ ယင်းအတွက်ကြောင့် ဖာဂူဆန်အပေါ် ချင်ခင်လေးစားနေဆဲဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ **အင်တာနက်။**



## အေစီမီလန်ကြယ်ပွင့် ကတ်ဆာနို၏ နှလုံးခွဲစိတ်မှုအောင်မြင်

**မီလန် နိုဝင်ဘာ ၅**

နှလုံးရောဂါကြောင့် အသေးစားခွဲစိတ်မှုပြုလုပ်ခဲ့ရသည့် အေစီမီလန်ကြယ်ပွင့် အန်တိုနီယိုကတ်ဆာနို၏ ခွဲစိတ်မှု အောင်မြင်ခဲ့ကြောင်း သိရသည်။

ကတ်ဆာနိုသည် ယခုအချိန်တွင် ကျန်းကျန်းမာမာရှိနေပြီး ရက်အနည်းငယ်အတွင်း ဆေးရုံမှဆင်းရတော့မည်ဖြစ်ကြောင်း ဆန်စီရိုမြို့ အခြေစိုက်သတင်းဌာနများ၏ အဆိုအရသိရသည်။



အေစီမီလန်အသင်း၏ ဒုတိယ ဥက္ကဋ္ဌ အက်ဒရီယာနို ဂယ်လီယာနီက ကတ်ဆာနိုမှာ နောက်ထပ်လေးလမှ ခြောက်လအထိ ဘောလုံးကစားခြင်းမှ အနားယူရဦးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အသက် (၂၉)နှစ်ရှိ ကတ်ဆာနို**(ယာပုံ)**သည် အောက်တိုဘာ ၂၉ ရက်က ရိုးမားအသင်းအား ၃-၂ ဖြင့် အနိုင်ရရှိပြီးနောက် အသင်း၏လေယာဉ်ဖြင့် ပြန်လာစဉ် ဖျားနာခဲ့၍ ဆေးစစ်မှုခံယူခဲ့ရာ နှလုံးပုံမှန်အလုပ်မလုပ်သဖြင့် ဦးနှောက်သို့ သွေးစီးဆင်းမှုကို အားနည်းစေသည့် ရောဂါခံစားနေရသဖြင့် ယင်းကဲ့သို့ ဆေးရုံတက်ကာ ခွဲစိတ်ကုသမှုခံယူခဲ့ရခြင်း ဖြစ်သည်။ **အင်တာနက်။**

### ❁ ဂြိုဟ်သားများမှ

နည်းပညာရပ်များကိုလည်း ၎င်းတို့အနေဖြင့် အသုံးချနိုင်ဖွယ်ရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ယူဆထားသည်။

၎င်းတို့နေထိုင်ရာ ဂြိုဟ်ကမ္ဘာနှင့် အနီးဆုံးကြယ်တစ်စင်းမှ အလင်းရောင်ဖြင့် အသက်ရှင်ဖြစ်တည်ကြရသော အသိဉာဏ်ရှိ မည်သည့် သက်ရှိမျိုးမဆို အမှောင်ထုကျရောက်လာချိန်၌ အလင်းတုများအား သုံးစွဲနိုင်ဖွယ်ရှိသည် ဟူသောအချက်မှာ ကြောင်းကျိုးသင့်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

လက်ရှိခေတ်ကာလ သိပ္ပံပညာရှင်များ အသုံးပြုနေသည့် တယ်လီစကုပ်များ၏စွမ်းအားအရ နေနှင့် ကမ္ဘာအကြားအကွာအဝေး၏ ငါးပြန်နီးပါးနှင့်ညီမျှသော အကွာအဝေးအတွင်းရှိ ဂြိုဟ်သိမ်တစ်စင်း သို့မဟုတ် ကြယ်တံခွန်တစ်စင်းပေါ်မှ ဂျပန်နိုင်ငံ တိုကျိုမြို့တော်အရွယ်အစားရှိ မြို့တစ်မြို့ကို ထောက်လှမ်းကြည့်ရှုနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

သက်ရှိများ တည်ရှိနေနိုင်သည့် ဂြိုဟ်များ၌ ဂြိုဟ်ပတ်လမ်းကြောင်းတို့၏ သဘာဝနိယာမအရ ညအချိန်ကျရောက်နိုင်မည့်ကာလကို ရွေးကာ ကမ္ဘာခြားမြို့တော်များမှ ထွက်ပေါ်လာသည့် အလင်းရောင်များအား တယ်လီစကုပ်များ အသုံးပြု၍ နက္ခတ္တဗေဒသိပ္ပံပညာရှင်များက ရှာဖွေသင့်ကြောင်း ၎င်းတို့က အကြံပြုခဲ့ကြသည်။

**အင်တာနက်။**

## ပရီးမီးယားလိဂ်ပွဲစဉ်(၁၁)ရလဒ်များ

| | | |
|---|---|---|
| နယူးကာဆယ် | ၂ - ၁ | အဲဗာတန် |
| အာဆင်နယ် | ၃ - ၀ | ဝက်စ်ဘရွန်း |
| ဗီလာ | ၃ - ၂ | နော်ဝစ်ချ် |
| ဘလက်ဘန်း | ၀ - ၁ | ချယ်လ်ဆီး |
| လီဗာပူး | ၀ - ၀ | ဆွမ်ဆီး |
| မန်ယူ | ၁ - ၀ | ဆန်းဒါးလန်း |



## အောက်တိုဘာလအတွက် အကောင်းဆုံး ကစားသမားနှင့် အသင်းနည်းပြ

အာဆင်နယ်တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီ**(ယာပုံ)**သည် အောက်တိုဘာလအတွက် အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးခဲ့သည်။ ၎င်းသည် သုံးဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချယ်လ်ဆီးနှင့်ပွဲတွင် ဟက်ထရစ်သွင်းယူခဲ့ပြီး အခြားပွဲများတွင်လည်း ခုနစ်ဂိုးသွင်းယူခြေစွမ်းပြကစားခဲ့သည့်အတွက် ယခုကဲ့သို့ ရွေးချယ်ခံရခြင်းဖြစ်သည်။

မန်စီးတီးအသင်းနည်းပြ မန်စီနီ**(ဝဲပုံ)**သည် အောက်တိုဘာလအတွက် အကောင်းဆုံးနည်းပြဆုကို ရရှိခဲ့သည်။ မန်စီနီသည် အီတာလျံနည်းပြတစ်ဦးဖြစ်ပြီး အိုးထရက်ဖို့ဒ်တွင် မန်ယူအသင်းအား တစ်ဂိုး-ခြောက်ဂိုးဖြင့် အနိုင်ရရှိရန် စွမ်းဆောင်ပြသနိုင်ခဲ့ပြီး မန်စီးတီးအသင်းကို အမှတ်ပေးဇယားတွင် ဦးဆောင်စေနိုင်ခဲ့သူဖြစ်သည်။ **အင်တာနက်။**



သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်နှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တို့ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တန်ဖိုးမြင့်ကျောက်စိမ်း အချောထည်များ လွယ်ကူလျင်မြန်စွာ ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေးအတွက် One Stop Service Centre လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

# စစ်ကိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တန်ဖိုးမြင့်ကျောက်စိမ်းအချောထည်များ ပြည်ပသို့ လွယ်ကူလျင်မြန်စွာတင်ပို့ရောင်းချနိုင်ရေး ရုံးခန်းဖွင့်ပွဲအခမ်းအနား ကျင်းပ



နေပြည်တော် နိုဝင်ဘာ ၅

**စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ တန်ဖိုးမြင့် ကျောက်စိမ်းအချောထည်များ လွယ်ကူလျင်မြန်စွာ ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေးအတွက် One Stop Service Centre ရုံးခန်းဖွင့်လှစ်ပွဲကို နိုဝင်ဘာ ၄ ရက် မွန်းတည့် ၁၂ နာရီတွင် မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း(မန္တလေး)ရုံးခွဲ၌ ကျင်းပရာ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ တိုင်းဒေသကြီး သစ်တောနှင့် သတ္တုဝန်ကြီးဌာန ဝန်ကြီး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**

**ဖွင့်လှစ်ပေး**

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးယုံးမူနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး)ရုံးခွဲ ဒုတိယဥက္ကဋ္ဌ ဦးမြင့်ဟန်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီးက One Stop Service Centre ရုံးခန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖

# စာတွေ့သာမက လက်တွေ့ပါကျွမ်းကျင်သည့် အင်ဂျင်နီယာဘွဲ့ရများအဖြစ် ပျိုးထောင်လေ့ကျင့်နိုင်ရေး နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ဆရာ၊ ဆရာမများ အရည်အသွေးမြင့်မားရန် မွမ်းမံသင်တန်းဖွင့်

နေပြည်တော် နိုဝင်ဘာ ၅

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် နည်းပညာတက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံ ၄၄ ခုနှင့် ကွန်ပျူတာတက္ကသိုလ် ၂၅ ခု ဖွင့်လှစ်လျက် အင်ဂျင်နီယာပညာရပ်များနှင့် ကွန်ပျူတာပညာရပ်များကို သင်ကြားပို့ချပေးလျက်ရှိပြီး လက်ရှိပညာသင်နှစ်တွင် သင်တန်းသားစုစုပေါင်း ၉၃၀၀၀ ခန့် ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်သည် နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ဖွင့်လှစ်သော နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ဆရာ၊ ဆရာမများ ဘာသာရပ်ဆိုင်ရာမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအနေဖြင့် ဖွင့်လှစ်သင်ကြားပို့ချလျက်ရှိသည့် သင်တန်းများ၏ အရည်အသွေး ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် သက်ဆိုင်ရာဘာသာရပ်အလိုက် ဘွဲ့ရများ၏ အရည်အချင်း ပိုမိုပြည့်ဝလာရေးတို့အတွက် အစဉ်ဦးတည်ချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ သင်ကြားရေးမဏ္ဍိုင်များဖြစ်သော စာတွေ့သင်ကြားပို့ချခြင်း (Lecture)၊ လက်တွေ့သင်ကြားပို့ချခြင်း (Practical) နှင့် **စာမျက်နှာ ၉ ကော်လံ ၃ သို့** ✳



သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် နည်းပညာတက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ဆရာ၊ ဆရာမများ ဘာသာရပ်ဆိုင်ရာမွမ်းမံသင်တန်း ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## အင်တာနက်အာကာသသိပ္ပံသတင်း

# ဂြိုဟ်သားများနေထိုင်ရာမြို့တော်များမှ အလင်းရောင်များအား ထောက်လှမ်းရှာဖွေခြင်းဖြင့် အခြားဂြိုဟ်ကမ္ဘာများ၌ သက်ရှိများဖြစ်တည်မှုကို စူးစမ်းနိုင်ဖွယ်ရှိ

**ကင်းဘရစ် နိုဝင်ဘာ ၅**

နေစကြဝဠာပြင်ပ အခြားသော ဂြိုဟ်ကမ္ဘာများ၌ သက်ရှိများဖြစ်တည်မှု ရှိ၊ မရှိ စူးစမ်းနေသော သိပ္ပံပညာရှင်များအနေဖြင့် ဂြိုဟ်သားများက ထုတ်လွှင့်မည့် ရေဒီယိုအချက်ပြ သင်္ကေတများအား ဖမ်းယူရန်ကြိုးပမ်းနေကြသည်ထက် ၎င်းတို့နေထိုင်ရာ မြို့တော်များမှ ထွက်ပေါ်လာမည့် အလင်းရောင်များကို ရှာဖွေထောက်လှမ်းကြရန် အမေရိကန် သိပ္ပံပညာရှင်များက အကြံပြုခဲ့ကြောင်း နိုဝင်ဘာ ၄ ရက် သတင်းများတွင် ဖော်ပြသည်။

အခြား ဂြိုဟ်ကမ္ဘာများပေါ်ရှိ မြို့တော်များမှ အလင်းထုများအား ရှာဖွေရေးအဆိုပြုချက်ကို ဟားဗက်စမစ်ဆိုနီယမ် နက္ခတ္တရူပသိပ္ပံဌာနနှင့် ပရင့်စတန်တက္ကသိုလ်တို့မှ သိပ္ပံပညာရှင်နှစ်ဦးက ဖော်ထုတ်တင်ပြလာခြင်းဖြစ်သည်။

အသိဉာဏ်မြင့်မားသော သက်ရှိများသည် ညကာလ၌ ဖန်တီးရယူထားသည့် အလင်းတုများ သုံးစွဲကြဖွယ်ရှိပြီး ကမ္ဘာဂြိုဟ်၌ အသုံးပြုနေသည့် **စာမျက်နှာ ၁၀ ကော်လံ ၅ သို့** ❁



**အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်၌ တည်ရှိသော အလန်း(Allen) ရေဒီယို တယ်လီစကုပ်စခန်း။**

## ယနေ့သတင်းအညွှန်း

### နိုင်ဂျီးရီးယားအစိုးရ လစာစာရင်း၌ တစ်လသားအရွယ် ကလေးတစ်ဦးအားထည့်သွင်းထား

"လုပ်သားအင်အားပြစာရင်း စစ်ဆေးမှုများလုပ်ဆောင်စဉ် လစာငွေပေးချေမှု စာရင်း၌ တစ်လသားအရွယ် ကလေးတစ်ဦး ပါဝင်နေသည်ကို တွေ့ရှိရ"

နိုင်ငံတကာသတင်း စာမျက်နှာ - ၄

### အောက်တိုဘာလအတွက် အကောင်းဆုံး ကစားသမားနှင့် အသင်းနည်းပြထုတ်ပြန်

"အာဆင်နယ် တိုက်စစ်မှူး ရော်ဘင်ဗန်ပါစီသည် အကောင်းဆုံး ကစားသမားဆု ဆွတ်ခူးပြီး မန်စီးတီးအသင်းနည်းပြ မန်စီနီသည် အကောင်းဆုံးနည်းပြဆု ဆွတ်ခူး"

အားကစားသတင်း စာမျက်နှာ - ၁၀